မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ၊ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဩစတြေးလျနိုင်ငံဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ(အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ၂၄ ရက်က ဘားအံတက္ကသိုလ် ပင်မဆောင် တည်ဆောက်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး သံလွင်တံတား(မော်လမြိုင်)ပြီးစီးက အရှည်ဆုံးနှင့်အကြီးဆုံးတံတားကြီးဖြစ်လာမည့် မြန်မာအင်ဂျင်နီယာသမိုင်းတွင် ဂုဏ်ပြု မှတ်တမ်းတင်ရမည့် တည်ဆောက်ရေးလုပ်ငန်းဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ **စာမျက်နှာ ၈ ကော်လံ ၁** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်ရေး သိက္ခာ၊ သမာဓိ၊ စေတနာနှင့် ကျွမ်းကျင်မှု ပေါင်းစပ်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အဓိကစီးပွားရေး လုပ်ငန်းကြီးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးမြေဧက ခြောက်သန်းခွဲကျော်တိုးတက်ခဲ့ရာ တစ်နိုင်ငံလုံးတွင် ယခုအခါ အသားတင်စိုက်ဧက ၂၆ဒသမ၈ သန်းအထိ ရှိနေပြီဖြစ်သည်။ လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် နိုင်ငံတော် လူဦးရေအတွက်ပါ စားနပ်ရိက္ခာအတွက် ပူပန်ကြောင့်ကြရမှု မရှိစေရန် အခြေခံကောင်းများ တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ လယ်ယာလုပ်ကွက်ငယ်များတွင် လက်တွန်းထွန်စက်များအသုံးပြု၍ စိုက်ပျိုးခြင်း၊ လယ်ယာလုပ်ကွက်ကြီးများတွင် ထွန်စက်ကြီးများအသုံးပြု၍စိုက်ပျိုးခြင်း၊ စပါးကို တိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်း၊ ရိတ်စက်နှင့်ခြွေလှေ့စက် အသုံးပြုခြင်းတို့ကို တွင်ကျယ်စွာ ဆောင်ရွက်သွားကြရန်နှင့် ရိတ်သိမ်းခြွေလှေ့စက်ကို သုံးစွဲသောအဆင့်သို့ ကူးပြောင်းရန် လိုအပ်လျက်ရှိသည်။ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အပိုင်းကသာမက ပုဂ္ဂလိကအပိုင်းကလည်း ကြိုးကြိုးစားစား ထုတ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်စေရန် တိုးချဲ့ထုတ်လုပ်သွားကြရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ ၁၃ ရက်နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားရာ၌-

"ကချင်ပြည်နယ်၌ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံများအား လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရေးလုပ်ငန်းကိုလည်း ဆက်လက်တွန်းအားပေး ကူညီပံ့ပိုးသွားရန်လိုကြောင်း၊ လယ်ယာလုပ်ကွက်ကြီးများ ဖော်ထုတ်နိုင်သည့်ဒေသဖြစ်၍ လုပ်ကိုင်နိုင်စွမ်းရှိသလောက် မိမိအတွက်နှင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ကချင်ပြည်နယ်တွင် စိုက်ပျိုးမြေအပါအဝင် ရေ၊ မြေ၊ သယံဇာတများမှာ အနာဂတ်အတွက် အခြေအနေကောင်းများ ဖန်တီးနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများစွာ ရှိနေသည်။ ယခင်က စားနပ်ရိက္ခာဆန်စပါးဖူလုံခြင်းမရှိသည့် ပြည်နယ်ဖြစ်သော်လည်း ဆန်စပါးတိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ယခုအခါစားနပ်ရိက္ခာဖူလုံစပြုနေပြီး ထိုမှတစ်ဆင့် ပိုလျှံလာစေရန် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

စက်မှုနိုင်ငံဖြစ်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ချမ်းသာမည်ဖြစ်သည့် အားလျော်စွာ ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်၌ လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်ကျော်ထုတ်လုပ်နိုင်မည့် မလိရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်နေသည်။ လျှပ်စစ်ဓာတ်အား ၂၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ဒဘတ်ချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုသွားမည်ဖြစ်၍ စက်မှုအခြေခံမြှင့်တင်ရေးကိုလည်း ကြိုးစားအားထုတ်ကြရန် လိုပေသည်။

ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက်လည်း ပြည်နယ်အတွင်း အဓိကလမ်းကြီး ကိုးလမ်း၊ မြို့ရွာချင်းဆက်သည့်လမ်း ၄၅လမ်းကို ဖောက်လုပ်ပြီးဖြစ်သည်။

ပညာရေးကဏ္ဍတွင် အခြေခံရော၊ အဆင့်မြင့်ကဏ္ဍပါ မြင့်မားတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်နယ်အတွင်း ကျောင်းနေအရွယ်ကလေးငယ်တိုင်း ရာခိုင်နှုန်းပြည့်ကျောင်းနေနိုင်ရေး၊ မူလတန်း၊ အလယ်တန်းမှတစ်ဆင့် အခြေခံပညာတန်းကုန်အောင် သင်ယူနိုင်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အောင်မြင်တိုးတက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်နေစေရန် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းအားလုံးက သိက္ခာ၊ သမာဓိ၊ စေတနာ၊ လုပ်ငန်းကျွမ်းကျင်မှုတို့ဖြင့် ပေါင်းစပ်ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇန်နဝါရီ ၂၄ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်နှင့် အနောက်ပိုင်းခရိုင် စက်မှုဇုန်တာဝန်ခံ ဗိုလ်မှူးချုပ် သိန်းဇော် လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ကျေးလက်ဒေသအဖွဲ့အစည်းဆိုင်ရာ ဗဟိုဌာနကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

ဒဂုံမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၅

ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက အထက(၂) ဒဂုံဦးဘလွင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ မိဘဆရာအသင်း နာယကများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်တင်တင်ညွန့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၏ဇနီး ဒေါ်မြင့်မြင့်ဝေ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌဦးသန်းဦး၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ဆရာဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့်မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် အသင်းနာယက ဦးသန်းဦးတို့က အမှာစကားပြောကြားကြပြီး အလှူရှင်များအား အသင်းနာယက ဒေါ်ခင်သန်းနွဲ့က ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ထို့နောက် ၂၀၀၃ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ကျောင်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် ဂါးဘာသာဂုဏ်ထူးရရှိသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ဆုများချီးမြှင့်သည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် ပညာရည်ချွန်ဆုများကိုချီးမြှင့်ပြီး ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၂ရက်က စမ်းချောင်း အထက(၂)ရှိ အသက် ၁၀နှစ်ပြည့်ပြီးသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စပယ်ခန်းမတွင် ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေကြီးထံ စုပေါင်းပေးအပ်စဉ်။ (၁၂၉)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ညောင်တုန်းမြို့နယ် ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ညောင်တုန်းမြို့ အထက (၁) လှိုင်ပညာခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများက ညောင်တုန်းမြို့ ယခင် အထက၊ ယခင် အလက(၁)၊ ယခင် အလက(၂)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော မိမိတို့၏ ဆရာဆရာမ ၈၇ဦးတို့အား ပူဇော်ကန်တော့ကြရန် စီစဉ်ထားသည်။ အဆိုပါ သက်ကြီး အာစရိယပူဇော်ပွဲ အတွက် ပါဝင် လှူဒါန်းလိုကြသော တပည့်ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ရန်ကုန်မြို့ ဦးခင်မောင်ရင် ဖုန်း-၅၃၂၅၉၂၊ ဦးငွေဝင်း(ဘဏ်) ဖုန်း-၂၅၀၄၅၅၊ ညောင်တုန်းမြို့ ဆရာကြီး ဦးဖီးလစ်သောင်းရွှေ (အထက-၁)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲတို့ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း(ဗဟန်း ၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အပူဇော်ခံမည့် အသက်(၇၅)နှစ်နှင့် အထက် အသင်းသူအသင်းသားများသည် လည်းကောင်း၊ ၂၀၀၂-၂၀၀၃ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၈ရက်နောက်ဆုံးထား၍ ဦးစိုးညွှန့်(ဦးစီးနာယက)ဖုန်း-၂၉၇၃၃၇၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ)ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည်(အတွင်းရေးမှူး) ဖုန်း-၂၂၁၀၁၇၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့်(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၂၉၅၉၈၈၊ ဦးကျော်စိုး(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၀ ၁၄၂၆နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀ ၃၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၄ ရက်က မြိုင်ကြီးငူဒေသ အခြေခံပညာအထက်တန်းကျောင်းအတွက် တီဗွီနှင့်ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံ၊ ကျန်းမာရေးဌာနအတွက် ဆေးပစ္စည်းများနှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအတွက် လက်ဆောင်ပစ္စည်းများကို ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဦးစောသာထူးကျော်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

▼ ***စုံနံ့သာမြိုင်မှ***

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဘားအံမြို့ မဲဘောင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍိယ၊ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနနှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဦးစောသာထူးကျော်နှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာဆိုင်းအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများတက်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)ဇိနမာန်အောင်ရပ်ပွားတော်မြတ်ဂန္ဓကုဋိတိုက်တော်သို့ သွားရောက်၍ ဇိနမာန်အောင်ရပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇနအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)ဇိနမာန်အောင်ရပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော်ထီးတော်တင် မင်္ဂလာအခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော်တွင် တင်လှူပူဇော်မည့် ထီးတော်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အားပေးအပ်သည်။

ရထားပျံမဏ္ဍပ်သို့ပင့်ဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဂန္ဓကုဋိတိုက်တော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဥပါသကာများကယူဆောင်၍ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများက မင်္ဂလာရထားပျံဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဂန္ဓကုဋိတိုက်အထွတ်သို့ ပင့်ဆောင်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

မင်္ဂလာအချိန်တွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊တိုင်းရင်းသားခေါင်းဆောင်များက ဂန္ဓကုဋိတိုက်တော်အထွတ်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုးရွာသွန်းကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစီအစဉ်အရ စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ) မြိုင်ကြီးငူဆရာတော်ကြီးကြီးမှူး၍ ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးဝင်များနှင့် ဒေသခံတိုင်းရင်းသားမိသားစုများ ဖောက်လုပ်ခဲ့သော မြိုင်ကြီးငူ–ဘားအံ ၃၄မိုင်အရှည်ရှိ သစ္စာလမ်းမကြီးနှင့် တံတား ၉၉စင်းဖွင့်ပွဲ အခမ်းအနားကို စုံနံ့သာမြိုင်ဆွေမြို့တော် အဝင်မင်္ဂလာမုခ်ဦး၌ ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဦးစောသာထူးကျော်က သစ္စာလမ်းမကြီးနှင့် တံတား ၉၉စင်း တည်ဆောက်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၄ရက်နေ့တွင်ဖွင့်လှစ်မည့် မြိုင်ကြီးငူ–ရွှေဂွန်း–ဘားအံ ဆက်သွယ်ထားသည့် သစ္စာလမ်းမကြီးမှာ အရှည် ၃၄ မိုင်၊ အချိန်တွင် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင် အပါအဝင်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးဆိုသည့် လုပ်ငန်းစဉ်နှင့်အညီ မြိုင်ကြီးငူဆရာတော်ကြီး၏ ဦးစီးဦးဆောင်ပြုမှု၊ နိုင်ငံတော်၏ ပံ့ပိုးပေးမှုနှင့် ဘားအံ–မြိုင်ကြီးငူ ဆက်သွယ်ထားသည့် သစ္စာလမ်းမကြီး ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ဤလမ်းမကြီးဖောက်လုပ်နိုင်သည့်အကျိုးရလဒ်အဖြစ် လမ်းတစ်လျှောက်ရှိ ကျေးရွာများစွာ၌လည်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ တိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာရကြောင်း။

ယခုကဲ့သို့ ဒေသခံပြည်သူလူထု၏ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် အဓိက အခန်းကဏ္ဍက အရေးပါသော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းမကြီးဖြစ်ပါကြောင်း၊ ဤလမ်းမကြီးတစ်လျှောက်တွင် ပေ ၂၀၀အထက်တံတားကြီးလေးစင်း၊ ပေ၁၀၀အောက်တံတားကြီး ၆၄ စင်းနှင့် ရေပြွန်တံတား ၃၁စင်း စုစုပေါင်း တံတားကြီးငယ် ၉၉စင်း ဆောက်လုပ်ထားပြီးဖြစ်၍ လမ်းပန်းဆက်သွယ်ရေးများစွာကောင်းမွန်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဖောက်လုပ်ခဲ့ရာတွင် နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၆၃၄ ဒသမ ၅သိန်း၊ ကတ္တရာတန် ၂၀၀ နှင့် စက်သုံးဆီ၊ စက်ယန္တရားများ ပံ့ပိုးပေးခဲ့ပြီး မြိုင်ကြီးငူဆရာတော်နှင့် ဗုဒ္ဓဘာသာကရင်မိသားစုများ၊ မြို့တော်ဝန် မိသားစုများက ငွေအား၊ လုပ်အားစုစုပေါင်း ကျပ်သိန်းပေါင်း လေးသောင်းနှစ်ထောင်ကျော်ကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း။

ယခင်က ဘားအံ၊ ကမမောင်း၊ မြိုင်ကြီးငူ လမ်းခရီးမှာ ရေလမ်းကိုသာ အားကိုးအားထားပြုကာ သွားလာရသည့်အတွက် ခက်ခဲခြင်းများကြုံတွေ့ခဲ့ရပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုမှာလည်း နှေးကွေးခဲ့ရကြောင်း၊ ယခု ဘားအံ–မြိုင်ကြီးငူ ဆက်သွယ်သည့် သစ္စာလမ်းမကြီးနှင့် တံတားများတည်ဆောက်ပြီးစီးရေးအတွက် မေတ္တာတော်ရှေ့ထား၍ ဦးစီးဆောင်ရွက်ပေးတော်မူသော မြိုင်ကြီးငူဆရာတော်ကြီးအားလည်းကောင်း၊ လိုအပ်ချက်များကို အဘက်ဘက်က ပံ့ပိုးကူညီပေးခဲ့သော နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲအားလည်းကောင်း၊ လမ်းဖောက်လုပ်ရေးတွင် ကာယ၊ ဉာဏအားများဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးသူများအားလုံးကို မိမိတို့ မိသားစုများ၊ ပြည်တော်ဝင်မိသားစုများက လေးစားစွာ ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သစ္စာလမ်းမကြီးအဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁

သစ္စာလမ်းမကြီး

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) မြိုင်ကြီးငူဆရာတော်ကြီးမှူး၍ ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးဝင်များနှင့် ဒေသခံ တိုင်းရင်းသားမိသားစုများ ဖောက်လုပ်ခဲ့သော မြိုင်ကြီးငူ–ဘားအံ ၃၄မိုင်အရှည်ရှိ သစ္စာလမ်းမကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)



ဖော်လူဂျာမြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး
ဆာမာရာ၌လည်း ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်နှစ်ဦးသေဆုံး

ဆာမာရာ ဇန်နဝါရီ ၂၄

ဆာမာရာမြို့လယ်၌ စနေနေ့က ကားဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အီရတ်လူမျိုးနှစ်ဦးထက်မနည်း သေဆုံးပြီး ဒါဇင်များစွာဒဏ်ရာရခဲ့သည်။ ဖော်လူဂျာမြို့တွင်လည်း အမေရိကန်ယာဉ်တန်းတစ်ခုကို သီးခြားဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

ထိုတိုက်ခိုက်မှုသည် ကုလသမဂ္ဂ အမှုထမ်းများ အီရတ်ပြန်လာရေးကိစ္စ ဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေး အဖွဲ့ဝင်နှစ်ဦး အီရတ်သို့ရောက်ပြီး နောက်ရက်၌ ဖြစ်သည်။

ဒဏ်ရာရ

ယခုကဲ့သို့ ကားဗုံးခွဲ တိုက်ခိုက်ခြင်းသည် ဆာမာရာ၌ ဒေသကောင်စီ ရွေးပွဲကိုပျက်ပြားအောင် လုပ်ခြင်းပင် ဖြစ်သည်ဟု အမေရိကန်အရာရှိများက ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး အပါအဝင် လူ ၄၀ ဒဏ်ရာရသည်ဟု သိရသည်။

ဘဂ္ဂဒက်အနောက်ဘက် ၃၂မိုင်ရှိ ဖော်လူဂျာမြို့အနီးတွင် အမေရိကန် စစ်ယာဉ်တန်းဖြတ်ခိုက် လမ်းဘေး ထောင်ဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

တိုက်ခိုက်

ဆာမာရာနှင့်ဖော်လူဂျာမြို့ နှစ်မြို့စလုံးသည် အမေရိကန်တပ်များ၊ ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်နေသော အီရတ်တို့ကို အပြင်းထန်ဆုံး တိုက်ခိုက်ရာ ဒေသအတွင်း၌ ရှိသည်။

ဆာမာရာ၌ ဖြစ်ပွားသောပေါက်ကွဲမှုမှာ တရားရုံးနှင့် မြို့ကောင်စီ အဆောက်အအုံအပြင်ဘက်တွင်ဖြစ်ပြီး ရဲရုံးချုပ်နှင့်နီးကပ်သည်။ ပြည်နယ် ကောင်စီကိုယ်စားလှယ်များ ရွေးချယ်ခြင်းမပြုမီ ဗုံးပေါက်ကွဲသွားခြင်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

စစ်ဆေး

ဇန်နဝါရီ၂၄ရက်က ဆာမာရာ မြို့တွင် ကားဗုံးဖောက် ခွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်း၌ ဒီမိုကရေစီထွန်းကားရေးစည်းရုံးလှုံ့ဆော်မှု အမေရိကန် သူတော်ကောင်းယောင်ဆောင်ခြင်းဖြစ်ဟု အာရပ်တို့ဝေဖန်

ဒါဗို့စ်(ဆွစ်ဇာလန်) ဇန်နဝါရီ ၂၄

အရှေ့အလယ်ပိုင်းတွင် ဒီမိုကရေစီထွန်းကားရန် အမေရိကန်ပြည်ထောင်စု၏ စည်းရုံးလှုံ့ဆော်မှုကို အာရပ်ခေါင်းဆောင်တို့က သူတော်ကောင်းယောင်ဆောင်ခြင်းသာ ဖြစ်သည်ဟုဆိုကာ သောကြာနေ့တွင် ဝေဖန်ရှုတ်ချခဲ့ကြသည်။

အရှေ့အလယ်ပိုင်း၌ ဒီမိုကရေစီ ထွန်းကားအောင် မလုပ်မီ အမေရိကန် ပြည်ထောင်စုအဖို့ အစ္စရေး-အာရပ် ပဋိပက္ခတွင် သဘောထားနှစ်ခွထားခြင်းကို ဦးစွာအဆုံး သတ်ရမည်ဟု အာရပ်တို့က ပြောဆိုသည်။

စွပ်စွဲ

ဒါဗို့စ်၌ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ပြည်သူ့အချေတင် ဆွေးနွေးပွဲတွင် ဘုရှ်အစိုးရသည် အာရပ်နိုင်ငံများကို လက်နက်ဖြုတ်သိမ်းဖို့နှင့် ဒီမို ကရေစီကျင့်သုံးဖို့ ပြောဆိုနေချိန်တွင် အစ္စရေး၏ အဖျက် စွမ်းအားကြီးသော လက်နက်များကို မသိချင်ယောင်ဆောင် နေခဲ့သည်ဟု ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အီရန်နိုင်ငံတို့က စွပ်စွဲ ပြောဆိုကြသည်။

ပြောကြား

ဒီမိုကရေစီသည် လူ့အဖွဲ့အစည်းများအတွင်းမှ လာမည်ဖြစ်ကြောင်း ဗြိတိန်ဆိုင်ရာ ဆော်ဒီသံအမတ်ကြီး မင်းသား တာကီအယ်လ်ဖိုင်ဆယ်က ပြောကြားသည်။

အသိအမှတ်မပြုသေး

အရှေ့အလယ်ပိုင်း၌ ဒီမိုကရေစီတိုးတက်ထွန်းကားရေးပြောဆိုနေသော အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်း ဒေသအတွင်း၌ ဒီမိုကရေစီကျစွာ ရွေးထားသော ပါလက်စတိုင်းခေါင်းဆောင် ယာဆာ အာရာဖတ်ကို ယခုတိုင် အသိအမှတ်မပြုသေးဘဲရှိသည်ဟု မင်းသား တာကီအယ်လ်ဖိုင်ဆယ်က ပြောဆိုသည်။

ပြောဆို

အမေရိကန်ပြည်ထောင်စုသည် အီရန်၊ ဆီးရီးယား၊ လစ်ဗျားနှင့် အီရတ်တို့ကို ၎င်းတို့၏ အဖျက်စွမ်းအားကြီး လက်နက်များအစီအစဉ်အား စွပ်စွဲပြောဆိုနေခိုက်တွင် နျူကလီးယားသာမက ဇီဝနှင့်ဓာတု လက်နက်များပါရှိသော အစ္စရေးနိုင်ငံကိုမူ လုံးဝဖော်ညွှန်းပြောဆိုခြင်း မရှိခဲ့ကြောင်း မင်းသားတာကီက ပြောဆိုသည်။ **ရိုက်တာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့ဝင်များ ပြစ်မှုမျိုးစုံကျူးလွန် ၁၃ ဦးအီရတ်၌ တရားစွဲဆိုခြင်းခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အိမ်ထောင်ရေးဖောက်ပြန်မှု၊ တိုက်ခိုက်မှု၊ အရက်သေစာသောက်စားမှု၊ ပြန်ပေးဆွဲမှု၊ ကွန်ပျူတာခိုးယူမှု၊ အကျဉ်းသားများကို မတရားညှဉ်းပန်းမှုနှင့် ဆီးရီးယားသို့ ထွက်ပြေးရန်ကြိုးပမ်းမှုတို့သည် အီရတ်၌ အမေရိကန်တို့ ခြေချခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို တရားရုံး၌စွဲချက်တင်ထားသော အမှုအခင်းများ ဖြစ်ကြသည်။

မေလ ၁ ရက်မှစပြီး အီရတ်ရှိ စစ်ခုံရုံးကြားနာစစ်ဆေးမှုအတွက် တင်ပေးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးထက်မနည်း ရှိခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့၏ တရားဝင် စာရင်းအရသိရသည်။

ထိုတပ်ဖွဲ့ဝင် ၁၃ ဦးတွင် ခုနစ်ဦးကို တပ်မှထုတ်ပစ်ခဲ့ပြီး ကျန်တပ်ဖွဲ့ဝင်များကို ထောင်ဒဏ်အပြစ်ပေးခဲ့သည်။

စစ်ဆေးခဲ့

လွန်ခဲ့သည့်အပတ်၌ အီရတ်ရှိ ထိန်းသိမ်းရေးစခန်းတစ်ခု၌ မတရားညှဉ်းပန်းနှိပ်စက်သည့်အမှုကို စုံစမ်းစစ်ဆေးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာခဲ့သည်။

ထုတ်ပစ်ခဲ့

မေလကစပြီး အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးထက်မနည်းကို တပ်မှထုတ်ပစ်ခဲ့ကြောင်း အေအက်ဖ်ပီကရရှိသည့် စာရင်းအရသိရသည်။

ဒဏ်ငွေရိုက်

သီးခြားဖြစ်ပွားသည့် အမှုနှစ်ခုတွင် ပြန်တမ်းဝင်မဟုတ်သော အရာရှိများကို ရုံးချိန်ထောင်ဒဏ်အပြစ်ပေးကာ ရာထူးမှချထားခဲ့သည့်ပြင် အစိုးရ၏ ကွန်ပျူတာ အသေးစားများ ခိုးယူမှုအတွက် ဒဏ်ငွေတပ်ရိုက်ခဲ့သည်။ **(အင်တာနက်)**

စီးပွားရေးနှင့် ကုန်သွယ်ရေးအလေးထားရန် ကမ္ဘာ့စီးပွားရေးညီလာခံ၌ ကိုဖီအာနန်ပြောဆို

ဒါဗို့စ် ဇန်နဝါရီ ၂၅

ယခုအချိန်သည် အီရတ်နှင့်ပတ်သက်သော စစ်ပွဲအကြောင်းမှ စီးပွားရေးနှင့် ကုန်သွယ်ရေးအကြောင်းတို့ကို နိုင်ငံတကာမူကြမ်းတွင် ပြန်လည်အလေးထားရတော့မည့်အချိန် ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကမ္ဘာ့စီးပွားရေးဆိုင်ရာ ညီလာခံတွင် ပြောကြားသည်။

လုံခြုံရေးတိုးတက်လာရေး၊ မျှတသည့်ကုန်သွယ်မှုဖြစ်ရေးတို့အတွက် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်များက ဆောင်ရွက်ရန်လည်း အာနန်က တောင်းဆိုခဲ့သည်။

တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပရန် ဖြစ်နိုင်ချေနှင့်ပတ်သက်ပြီး လေ့လာရန် အီရတ်သို့ အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်၊ မစေလွှတ်မည်ဆိုသည်ကို လာမည့်သီတင်းပတ်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အာနန်က ပြောကြားခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အမေရိကန်တို့ပစ်ခတ်မှု အီရတ်နှစ်ဦးသေဆုံး

ဖော်လူဂျာ ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ အနောက်ပိုင်းမြို့ဖြစ်သော ဖော်လူဂျာမြို့၌ ဗုဒ္ဓဟူးနေ့က ညအိပ်ကားစောင့်သူနှစ်ဦး အပစ်ခံရပြီး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါကားတန်းမှာ သံသယဖြစ်ဖွယ် လှုပ်ရှားမှု တွေ့သည်ဆိုပြီး အမေရိကန်ညဘက် ကင်းလှည့်တပ်ဖွဲ့ဝင်က ပစ်ခတ် ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောကြားကြသည်။ ထို့အပြင် ဖော်လူဂျာမြို့မှာပင် ကြာသပတေးနေ့က ပြင်းထန်သော ပစ်ခတ်မှုဖြစ်ပွားပြီး အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကာ အများအပြားဒဏ်ရာရရှိဖွယ်ရှိသည်။ ဘဂ္ဂဒက်မြို့နှင့် မိုင်၃၀ခန့်ဝေးသော ဖော်လူဂျာမြို့သည် အမေရိကန်ဆန့်ကျင် တိုက်ခိုက်ရေးသမားများအခြေစိုက်ရာ မြို့ဖြစ်ပြီး အမေရိကန်နှင့် အပေါင်းပါတို့ နေ့စဉ် တိုက်ခိုက်ခံရမှုများ တိုးပွားလျက်ရှိသော မြို့ဖြစ်သည်။ **(စီစီတီဗွီ)**

ဇန်နဝါရီ ၂၄ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ မော်တော်ယာဉ်လုပ်ငန်းများတိုးတက်လာမှု တရုတ်မော်တော်ယာဉ်ဈေးကွက်၌ ယှဉ်ပြိုင်မှုတိုးပွားလာ

ဘေဂျင်း ဇန်နဝါရီ ၂၄

နိုင်ငံတကာ မော်တော်ယာဉ်လုပ်ငန်းများဖြစ်ကြသည့် ဖော့(စ်)ဝပ်ဂွန်နှင့် ဒိုင်မလာခရစ်စလာတို့က ရင်းနှီးမြှုပ်နှံမှု တိုးတက်လုပ်ဆောင်လာနေကြခြင်းကြောင့် တရုတ်ပြည် မော်တော်ယာဉ်ဈေးကွက်တွင် ယှဉ်ပြိုင်မှု ပိုမိုကြီးထွားလာခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဂျာမနီနိုင်ငံမှ မော်တော်ယာဉ် လုပ်ငန်းရှင်ကြီးဖြစ်သည့် ဖော့(စ်)ဝပ်ဂွန်ကုမ္ပဏီသည် တရုတ်ပြည်တွင် ခရီးသည်တင် မော်တော်ယာဉ်များ အသင့်တပ်ဆင်မှုလုပ်ငန်းကို ၁၉၈၅ ခုနှစ်ကတည်းကပင် လုပ်ကိုင်လာခဲ့သည်ဖြစ်ရာ ယင်းဈေးကွက်ကို ဆက်လက် ဦးဆောင်သွားရန် သန္နိဋ္ဌာန်ချထားသည်။

တရုတ်ပြည် မော်တော်ယာဉ်လုပ်ငန်းတွင် နောက်ထပ် ယူရိုငွေ ခြောက်ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိပြီး နှစ်စဉ်ထုတ်လုပ်မှုကို နှစ်ဆတိုးကာ လာမည့်ငါးနှစ် ကာလအတွင်း မော်တော်ယာဉ်စီးရေ ၁ ဒသမ ၆ သန်း ထုတ်လုပ်သွားရန် ဖော့(စ်)ဝပ်ဂွန် ကုမ္ပဏီက မျှော်လင့်ထားရှိသည်။

ဖော့(စ်)ဝပ်ဂွန် ကုမ္ပဏီကဲ့သို့ပင် တရုတ်ဈေးကွက်တွင် အသင့်ရောက်ရှိနေကြပြီးဖြစ်သည့် ပထမမော်တော်ယာဉ် ကော်ပိုရေးရှင်း၊ ရှန်ဟဲ မော်တော်ယာဉ် ကော်ပိုရေးရှင်းနှင့် အခြားနိုင်ငံခြား မော်တော်ယာဉ်လုပ်ငန်းများသည် တရုတ်လုပ်ငန်းရှင်များနှင့် ဖက်စပ်သို့မဟုတ် မဟာဗျူဟာ မိတ်ဖက် ဖွဲ့စည်းလုပ်ဆောင်သွားကာ လုပ်ငန်းချဲ့ထွင်သွားရန် စီစဉ်နေကြကြောင်း ဆင်ဟွာက ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မတရားသောစွဲချက်ဖြင့် အီရတ်တို့ ဖမ်းဆီးခံနေရ
ပြောက်ကျားတို့ တိုက်ခိုက်မှု ရပ်တန့်မသွား
ဆာမာရာမြို့၌ အသေခံကားဗုံးခွဲ တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အချို့ကို မတရားသော စွဲချက်ဖြင့် လိုက်လံဖမ်းဆီးနေသည်ကို အီရတ်ကလေးငယ်များက စိတ်မကောင်းစွာဖြင့် ကြည့်နေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၁၉ ရက်က အမေရိကန် (၁၈၇) ခြေလျင်တပ်ရင်း အီရတ်–ကူဝိတ် နယ်စပ်၌ တပ်အပြောင်းအရွှေ့ ပြုလုပ်နေမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကားဗုံးဖောက်ခွဲ

ဇန်နဝါရီ ၂၄ ရက်က ဆာမာရာမြို့၌ ကားဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၄ ရက်က အီရတ်နှင့်ဆီးရီးယားနယ်စပ်၌ ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ရှာဖွေစစ်ဆေးနေစဉ်။

(ယခုရက်များတွင် ဗုံးခွဲတိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်လာသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးမှုများ ပိုမိုပြုလုပ်လျက်ရှိသည်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ၌ ပြောက်ကျားတို့က အမေရိကန်တပ်ဖွဲ့ဝင်များကို နေရာအနှံ့ ခုခံတိုက်ခိုက်လျက်ရှိသည်။

(ယာပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့ တိုက်ခိုက်ခံနေရမှုနှင့် ပတ်သက်ပြီး အီရတ်အမျိုးသမီးကြီးတစ်ဦးအား စစ်ဆေးမေးမြန်းနေစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

လက်နက်ရှာဖွေရေးခေါင်းဆောင် ဒေးဗစ်ကေး ရာထူးမှနုတ်ထွက် ဓာတုသို့မဟုတ် ဇီဝလက်နက်များ အီရတ်သိုလှောင်သည်ဟု မယုံကြည်ကြောင်းပြောဆို

ဝါရှင်တန် ဇန်နဝါရီ ၂၄

အီရတ်တွင်ရှိသည်ဆိုသော ပိတ်ပင်ထားသည့်လက်နက်များရှာဖွေသည့် ခေါင်းဆောင်အဖြစ်မှ ဒေးဗစ်ကေးသည် သောကြာနေ့က နုတ်ထွက်လိုက်ပြီး ဓာတု သို့မဟုတ် ဇီဝလက်နက်များ အီရတ်နိုင်ငံက အများအပြားသိုလှောင်ထားသည်ဟု မိမိမယုံကြည်ခဲ့ကြောင်း ပြောဆိုလိုက်သည်။

အီရတ်တွင် တရားမဝင်သောလက်နက်များရှိခြင်းဖြင့် အီရတ်ကိုကျူးကျော်သည့်စစ်ပွဲ တရားမျှတသည်ဟု ပြောဆိုထားသည့် ဘုရှ်အစိုးရအား သွယ်ဝိုက်စိန်ခေါ်ရာတွင် ဒေးဗစ်ကေးက အီရတ်၌ သိုလှောင်ထားသည်ဆိုသော လက်နက်များ ရှာတွေ့မည်မဟုတ်ဟု မိမိကောက်ချက်ချခဲ့ကြောင်း ရိုက်တာ တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

အစီစဉ်မရှိ

လူတိုင်းက ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပြီးဆုံးပြီးနောက် ထုတ်လုပ်ခဲ့သော လက်နက်အမြောက်အမြားကို အီရတ်သိုလှောင်ထားသည်ဟု ပြောဆိုနေခဲ့ကြကြောင်း၊ မိမိ အီရတ်၌ ထိုသို့လက်နက်အမြောက်အမြားထုတ်လုပ်သည့် အစီအစဉ်ရှိသည်ဟု မထင်ကြောင်း ဒေးဗစ်ကေးက ပြောဆိုသည်။

ဆက်ခံမည်

အမေရိကန်ပြည်ထောင်စု၏ လက်နက်ရှာဖွေရေးအကြီးအကဲအဖြစ် ယခင် ကုလသမဂ္ဂလက်နက်စစ်ဆေးသူ ချားလ်စ်ဂျူဖာသည် ကေး၏နေရာကို ဆက်ခံမည်ဖြစ်ကြောင်း စီအိုင်အေက ကြေညာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ အီရတ်နှစ်ဦးသေပြီး တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

ဘဂ္ဂဒက်မြို့တွင် အီရတ်အဖွဲ့အစည်းတစ်ခု၏ ရုံးအဆောက်အအုံ၌ ပေါက်ကွဲမှုဖြစ်ရာ နှစ်ဦးသေဆုံးသွားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သော တိုက်ခိုက်မှုတွင် မသင်္ကာဟုဆိုကာ ဖခင်နှင့်သားဖြစ်သူတို့ကို အမေရိကန်တပ်များက ဖမ်းဆီးလိုက်ကြောင်း အရာရှိများက သောကြာနေ့၌ ပြောကြားသည်။

ဆက်ဒမ်ဟူစိန်ကို သစ္စာခံသူများ ပြောက်ကျားစစ် ဆင်နွှဲရာ အီရတ်နိုင်ငံ အလယ်ပိုင်းတွင် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များ၌ အမေရိကန်တပ်များ၊ အီရတ်အရပ်သားများနှင့် အီရတ်ရဲတို့ကို ပြောက်ကျားတို့က တိုက်ခိုက်ခဲ့ရာ လူ ၁၁ ဦးသေဆုံးခဲ့ရသည်။ ထိုအထဲတွင် ဖော်ပြပါလေးဦးလည်း ပါခဲ့သည်။

လုပ်ကိုင်

အခြား သေဆုံးသူ လေးဦးမှာ အီရတ်အမျိုးသမီး လေးဦးဖြစ်ပြီး အမေရိကန်အခြေစိုက်စခန်း၌ အလုပ်လုပ်ကြသူများဖြစ်သည်။

ဗုံးထောင်

အဖွဲ့အစည်းတစ်ခု၏ ရုံးခန်း၌ ဗုံးပေါက်ကွဲရခြင်းသည် အစည်းအဝေး လုပ်အပြီး၌ ဗုံးကို ထောင်ထားခဲ့ခြင်း ဖြစ်ဟန်တူကြောင်း အရာရှိတစ်ဦးက ပြောဆိုသည်။

ဒဏ်ရာရ

ပေါက်ကွဲချိန်၌ ရုံးအတွင်း လူသုံးဦးကျန်ရှိရာ နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်။

(အင်တာနက်)

ဇန်နဝါရီ ၂၄ ရက်က အီရတ်နိုင်ငံသို့ အသစ်ရောက်ရှိလာသော လက်နက် ရှာဖွေစစ်ဆေးရေး အဖွဲ့ဝင်များ လက်နက်ရှာဖွေနေစဉ်။ (အီရတ်၌ အမေရိကန်တို့ စွပ်စွဲထားသော အဖျက်စွမ်းအားကြီးလက်နက်များမှာ ယနေ့တိုင် ရှာဖွေမတွေ့သဖြင့် အမေရိကန်တို့ အခက်အခဲကြုံရလျက်ရှိသည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား နေ့စဉ်နီးပါး အီရတ်၌ အမေရိကန်တို့သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

လွန်ခဲ့သော ၂၄ နာရီအချိန်အတွင်း အီရတ်နိုင်ငံတစ်ဝန်းဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အီရတ်လူမျိုး ခုနစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာ အစီရင်ခံစာများက ဖော်ပြသည်။

ဒီဇင်ဘာလအတွင်း ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို ဖမ်းမိသွားခဲ့သော်လည်း အမေရိကန်ကျူးကျော်သူများအပေါ် ဆန့်ကျင်တိုက်ခိုက်မှုများမှာ လျော့ပါးသွားခြင်း မရှိဟု ဆိုသည်။

ဘာကူဘာမြို့အနီးရှိ အမေရိကန်စစ်စခန်းကို ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းက ဗုံးများ၊ စိန်ပြောင်းများနှင့် ပစ်ခတ်ခဲ့ရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ရသည်။ ထိုမြို့သည် ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် ၅၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။

သေဆုံး

ယခုနောက်ဆုံး အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်စာရင်းကိုပါ ထည့်သွင်းရေတွက်လျှင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၅၀၅ဦး ရှိသွားခဲ့ပြီ ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်တွင် နေ့စဉ်လိုလို သေဆုံး ဒဏ်ရာရမှုများ ရှိနေသည်။

(အင်တာနက်)

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန ဝေဖန်ခံရပြန် ကာကွယ်ရေးဝတ်စုံမပါဘဲ စစ်မြေပြင်လွှတ်မှု ဒုတိယဗိုလ်မှူးကြီးကဝေဖန်

လန်ဒန် ဇန်နဝါရီ ၂၄

ထိရောက်စွာကာကွယ်နိုင်သော ချူကလီးယား၊ ဇီဝနှင့်ဓာတု ကာကွယ်ရေးဝတ်စုံများမပါရှိဘဲ အီရတ်စစ်မြေပြင်သို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ခြင်းအတွက် ဗြိတိသျှစစ်တပ်မှ ထိပ်တန်းစစ်ဘက်အရာရှိကြီးဖြစ်သော ဒုတိယဗိုလ်မှူးကြီး ဂျိမ်း(စ်)ကိုဝမ်က ကြာသပတေးနေ့တွင် ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနကို အသစ်တစ်ဖန် ဝေဖန်တိုက်ခိုက်လိုက်သည်။

သူတို့ အီရတ်စစ်မြေပြင် သွားရောက်ရမည့်အချိန်တွင် မှန်ကန်သော ပစ္စည်းအရေအတွက်၊ မှန်ကန်သောနေရာ၊ မှန်ကန်သောအလုပ်တာဝန်အတွက် ထိုကဲ့သို့သော ပစ္စည်းကိရိယာများမရှိခဲ့ကြောင်း စကော့တပ်မ၏ တပ်မမှူး ဒုတိယဗိုလ်မှူးကြီး ဂျိမ်း(စ်)ကိုဝမ်က ပြောကြားသည်။

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှု ညံ့ဖျင်းခြင်းကြောင့် တပ်ဖွဲ့ဝင်များ သေဆုံးရသည်ဆိုသော စွပ်စွဲချက်များ ပေါ်ထွက်လာခဲ့ပြီးနောက် ကိုဝမ်၏ ပြစ်တင်ရှုတ်ချချက် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

ယခု သီတင်းပတ်အစောပိုင်း၌ တင့်ကားဦးစီးမှူး တပ်ကြပ်ကြီး စတိမ်ရောဘတ်သည် ကျည်ကာအင်္ကျီမလုံလောက်မှုကြောင့် သူ့ကျည်ကာအင်္ကျီကို အခြားတစ်ဦးအားပေးခဲ့ရပြီး နောက်ရက်များမကြာမီ၌ ဘာဆာရာအနီးတွင် သေနတ်ပစ်ခံရပြီး သေဆုံးခဲ့ရသည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ ဇနီးဖြစ်သူ ဆာမန်သာက ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်း ရာထူးမှထွက်ပေးရန် တောင်းဆိုခဲ့သည်။

ဗြိတိသျှစစ်တပ်၌ အီရတ်ကို အမေရိကန်ဦးဆောင်သည့် စစ်ပွဲအတွင်း စစ်ဘက်ဆိုင်ရာပစ္စည်းများ မလုံမလောက်ဖြစ်ရသည့် ကိစ္စသည် အမျိုးသားစာရင်းစစ်ရုံး ဗြိတိန်ပြည်သူ့သုံးစွဲမှု စောင့်ကြည့်ရေးအဖွဲ့တို့၏ အစီရင်ခံအရ ဒီဇင်ဘာလထဲ၌ ရှေ့တန်းသို့ရောက်လာသော ပြဿနာဖြစ်လာခဲ့ရသည်။

ဗြိတိသျှရှေ့တန်းရောက် တပ်များသည် စစ်ပွဲကာလအတွင်း အရေးကြီးသော စစ်ဘက်ဆိုင်ရာပစ္စည်းပစ္စယများ မပါရှိခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းများက အစီရင်ခံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းသို့သီးနှံတင်ပို့မှု ဟီဘေးပြည်နယ်တိုးတက်ခဲ့

ရှီကျီကျော် ဇန်နဝါရီ ၂၄

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်မှ ထိုင်းနိုင်ငံသို့ နှစ်အလိုက် သီးနှံတင်ပို့မှု ၉၀၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းသည် နှစ်နိုင်ငံ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁ ရက်၌ ချုပ်ဆိုခဲ့သော အကောက်ခွန်မဲ့ သဘောတူစာချုပ်ကြောင့် ဖြစ်သည်ဟု သိရသည်။

ဟီဘေးပြည်နယ်သည် ၂၀၀၃ ခုနှစ်၌ ထိုင်းနိုင်ငံသို့ သီးနှံ ၁၃၆၃ တန် တင်ပို့ပေးခဲ့ပြီး နိုင်ငံခြားဝင်ငွေဒေါ်လာ ၆၇၂၀၀၀ ရရှိခဲ့သည်ဟု ဆိုသည်။

အောက်တိုဘာနှင့် ဒီဇင်ဘာအတွင်း သီးနှံတန် ၈၃၀ တင်ပို့ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇန်နဝါရီ၂၄ရက်က အက်ဖ်အေဖလား ဘောလုံး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ချယ်လ်ဆီးနှင့် စကာဘိုရော့ အသင်းတို့ ယှဉ်ပြိုင်စဉ်။ (ယင်းပွဲတွင် ချယ်လ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီဝင် ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်၍ သစ္စာလမ်းမကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် သစ္စာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှု ကြပြီး တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ) ဘေသဇ္ဇမုနိကြေးသွန်းရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရေစက်ချအလှူတော်မင်္ဂလာ

ထို့နောက် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)ဘေသဇ္ဇမုနိ

နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့ပြီး မြိုင်ကြီးငူဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုနိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါ ကြောင်း။

မြိုင်ကြီးငူဒေသရှိ တိုင်းရင်းသားပြည်သူများသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ဘုရားတည်၊ ကျောင်းဆောက်အစရှိသော သာသနာရေးလုပ်ငန်းများကို ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ရွှေရောင်တဝင်းဝင်း

မြိုင်ကြီးငူဆရာတော်သည် အနယ်နယ်အရပ်ရပ်၌ လက်လှမ်းမီသမျှ ဘုရားစေတီ၊ ကျောင်းကန်သိမ်ဇရပ်၊ ဓမ္မာရုံ အစရှိသော သာသနိကအဆောက်အအုံများကို ဘက်စုံပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ထားခြင်းများကို ပြုလုပ်ခဲ့သဖြင့် ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီ ကျောင်းကန်များမှာ ရွှေရောင်တဝင်းဝင်း၊ ထုံးဖြူဖွေးဖွေးသစ်လွင်တောက်ပစွာကြည်ညိုဖွယ်ရာ ဆောင်လျက်ရှိနေပါပြီဖြစ်ပါကြောင်း။

မြိုင်ကြီးငူဆရာတော်သည် ဘာသာရေး၊ သာသနာရေး ဆောင်ရွက်ရုံသာမက မြိုင်ကြီးငူဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်မှုပေး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ခြင်းသည် အဓိကအကြောင်းတရားဖြစ်ကြောင်း သိမြင်တော်မူသည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးကူညီမှုကို ရယူလျက် ဗုဒ္ဓဘာသာကရင်မိသားစုများ၊ ပြည်တော်ဝင်မိသားစုများ၏ လုပ်အားကိုရယူ၍ မြိုင်ကြီးငူနှင့် ဘားအံဆက်သွယ်သော ၃၄မိုင်ရှည် သစ္စာလမ်းမကြီးကို ၁၉၉၈ ခုနှစ်မှ စတင်၍ ဖောက်လုပ်ခဲ့ပါကြောင်း၊ ယင်းလမ်းမကြီး၌ တံတားကြီးငါးစင်း၊ တံတားငယ် ၁၂ စင်း တည်ဆောက်ခဲ့ရပြီး ယခုအခါ ကတ္တရာလမ်းအချောခင်းပြီးအဆင့်သို့ ရောက်ရှိလာ၍ ရာသီမရွေးသွားလာနိုင်သော ဆက်သွယ်ရေးလမ်းမကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ဤသစ္စာလမ်းမကြီးကိုအကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက်စဖြစ်သော မြိုင်ကြီးငူဒေသသည် အရှိန်

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၂၄ ရက်က စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ် ဂန္ဓကုဋိ တိုက်တော်၊ ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက် ထီးတော်နှင့် လမ်းတံတား ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေစဉ်။ (သတင်းစဉ်)

ကြေးသွန်းရုပ်ရှင်တော်မြတ် ဂန္ဓကုဋိတိုက်တော်၊ ဇိနမာန်အောင်ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်ထီးတော်နှင့် လမ်း၊တံတား ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားကို ဘေသဇ္ဇမုနိ ဘုရားရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံမှနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)သည် ငြိမ်းချမ်းရေး မယူမီက လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးလွန်စွာခက်ခဲသည့်အပြင် စားဝတ်နေရေးနှင့်လုပ်ငန်းများ ခေတ်နောက်ကျကျန်ရစ်သော ဒေသတစ်ခုအဖြစ် တည်ရှိခဲ့ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်ခဲ့

၁၉၉၄ ခုနှစ် နိုဝင်ဘာလမှအစပြု၍ မြိုင်ကြီးငူဆရာတော်ဦးဆောင်သည့် ကရင်ဗုဒ္ဓဘာသာအဖွဲ့များသည်

မြိုင်ကြီးငူဒေသတွင် ဥဘဏ်တော် ၂၇ ပေရှိ မဟာဘေသဇ္ဇမုနိကြေးသွန်းရုပ်ရှင်တော်မြတ်ကြီးကို သွန်းလုပ်ပူဇော်ပြီး ယင်းရုပ်ရှင်တော်မြတ်ကြီး သီတင်းသုံးတော်မူရန် အလျား အနံ ပေ၁၂၀ ပတ်လည်ရှိ၍ အမြင့်ပေ ၁၀၀ ရှိသော ဂန္ဓကုဋိကျောင်းတော်ကြီးကို ဆောက်လုပ်၍ ၁၉၉၈ ခုနှစ် မတ်လ ၂၃ ရက်နေ့က ရေစက်ချလှူဒါန်း ပူဇော်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုတစ်ဖန် လုံးပတ် ၉တောင်၊ အမြင့် ၁၃ တောင် ၉ လက်မရှိသော ရေဆန်ကျွန်းသစ်တော်ကြီးကို ဆင်စီးမြင်းရံ ဇိနမာန်အောင် ဗုဒ္ဓရုပ်ပွားတော်အဖြစ်ထုလုပ်၍ ယင်းရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရန် အလျားအနံပေ၁၂၀ပတ် လည်၊အမြင့်ပေ ၁၀၀ ရှိသော ဂန္ဓကုဋိ ကျောင်းတော်ကြီးဆောက်လုပ်ပြီး ယနေ့မင်္ဂလာအချိန်အခါတွင် ဂန္ဓကုဋိကျောင်းတော်ထုပိကာအထက်၌ ရွှေထီးတော်မြတ်တင်လှူပူဇော်ပွဲ ကျင်းပခြင်းဖြစ်ပါကြောင်း။

(၃၈)ဆူတည်ထား

မြိုင်ကြီးငူဆရာတော်သည် ဘုရားစေတီများကို တည်ထားရုံဖြင့် အားရတင်းတိမ်ခြင်းမရှိသေးဘဲ ဓမ္မစေတီများ တည်ထားရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဘုရားဟောဒေသနာတော် ဓမ္မစေတီကျမ်းစာများကို မြန်မာဘာသာ၊ ကရင်ဘာသာ နှစ်ဘာသာဖြင့် ပြုစုရေးသားဆောင်ရွက်ခဲ့ရာ ယခုအခါ ဓမ္မစေတီကျမ်းစာပေါင်း ၃၈ဆူတည်ထားပြီးဖြစ်ကြောင်း သိရှိရပါကြောင်း။

အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်းဝမ်းမြောက်စကားလျှောက်ထားအပ်ပါကြောင်း။

ဤရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားပြီးပါက ဆက်လက်၍ လမ်းဖွင့်ပွဲ၊ တံတားဖွင့်ပွဲ မင်္ဂလာအခမ်းအနားများ ပြုလုပ်ကြဦးမည်ဖြစ်ပါကြောင်း။

ဤသို့ မြိုင်ကြီးငူဆရာတော်၏ ဘာသာ သာသနာရေးဆိုင်ရာ၊ လောကုတ္တရာ ကုသိုလ်ရေးဆိုင်ရာ စွမ်းဆောင်ချက်များနှင့် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်းတည်းဟူသော ထာဝရကုသိုလ် အစုစုတို့ကို တပည့်တော်အပါအဝင် ကြားသမျှ၊ မြင်သမျှ ပရိသတ်အားလုံးတို့က သာဓုအနုမောဒနာ ခေါ်ဆိုကြပါကြောင်းကို ဝမ်းမြောက်ဝမ်းသာလျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များကဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာ တရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစက်ချမင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြိုင်ကြီးငူဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်းအတွက် တီဗွီနှင့်ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူ ပစ္စည်းများကိုလည်းကောင်း၊ ကျန်းမာရေးဌာနအတွက် ဆေးပစ္စည်းများကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များအတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဦးစောသာထူးကျော်အား ပေးအပ်သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဦးစောသာထူးကျော်က ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)မှ ထွက်ခွာကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၁–၂၀၀၄(တနင်္လာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၁၅ ၈။ ဒါးကတံတား (ဧရာဝတီတိုင်း)
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၀ ၇။ အကပဒေသာ
- ၁၇:၄၅ ၈။ ဘိုင်းဒါးရေလှောင်တမံ
- ၁၇:၅၅ ၉။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈:၁၀ ၁၀။ Discovery
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success In Soccer
- ၁၉:၁၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉:၂၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၆။ (၅၉) နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပု ပြိုင်ပွဲပြပွဲ ကြိုတင်ပြင်ဆင်မှုများ (ပန်းပု)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"**(အပိုင်း–၁၈)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၅

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၆၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ ၅ ရက် မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၄ ရက်က အစိုးရနည်းပညာကောလိပ်(ဘားအံ)သုံးထပ်ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ **နိုင်ငံတော်ဝန်ကြီးချုပ်မှ**

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆို ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ဘားအံတက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးစောဟန် ရှိန်နှင့် ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက် ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ဘားအံတက္ကသိုလ်စစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ဘားအံတက္ကသိုလ် သုံးထပ်ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းခန်းမ၌ ဒုတိယပါမောက္ခချုပ်ဦးစောဟန်ရှိန်က ဘားအံတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူ ဦးရေ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့်ခန့်ထားပြီးအင်အား၊ ကွန်ပျူတာ ၆၅ လုံး အသုံး ပြုပြီး IT Rooms ဖွင့်လှစ် သင်ကြားပေးနေမှု အပါအဝင် သင်ကြားစီမံ ကိန်းရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာ ဆရာမများ အရည်အသွေးတိုးမြှင့်ရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရေး၊ ပညာရပ်နယ်ပယ်အသီးသီးတွင် နိုင်ငံတကာ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှု များ ရရှိနိုင်အောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြပြီး အရည်အသွေး မြင့်မားသည့် အတတ်ပညာရှင်များ မွေးထုတ်ကြရေး၊ လိုအပ်သည့် ဆရာ ဆရာမများ ဖြည့်တင်းရေးအတွက် စီမံချက်ချမှတ်ပြီး စနစ်တကျဆောင်ရွက် ရေး မှာကြားသည်။

ဆက်လက်၍ ယုဇနဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးမြင့်က ဘားအံ တက္ကသိုလ်၌ နှစ်ထပ်စာသင်ဆောင်နှစ်ဆောင် တည်ဆောက်ပြီးစီးနေမှု၊ သုံးထပ် ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ကွန်ကရစ် လမ်းခင်းခြင်း၊ ပန်းအလှစိုက်ခြင်း၊ အလယ်ကျွန်းမီးပန်းဆိုင်း တပ်ဆင်ခြင်း၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက် များနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ပြုစုပျိုးထောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် တည်ဆောက်ရေးတွင် အရည်အသွေးပြည့်ဝသော အတတ်ပညာရှင်များ ပြုစု ပျိုးထောင်ရေး၊ ကျောင်းသားကျောင်းသူများအား အတတ်ပညာသင်ကြားပေးရုံ သာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် များ ရှင်သန်ဖွံ့ဖြိုးရေးစသည့် စိတ်ပိုင်းဆိုင်ရာအသိပညာများပါ ရရှိအောင်ပြုစု ပျိုးထောင်ပေးရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘက်စုံ သုံးခန်းမ Multi-Purposes Hall တည်ဆောက်နေမှု၊ စာသင်ခန်းများနှင့် တက္ကသိုလ်ပရဝဏ် သာယာလှပရေးဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် အစိုးရနည်းပညာကောလိပ်(ဘားအံ)သို့ရောက်ရှိကြပြီး ရှေးဦးစွာ သုံးထပ် ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ် ဒေါ်သန်းသန်းဌေးက အစိုးရနည်းပညာကောလိပ် (ဘားအံ)၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများ၊ ကျောင်း သားအင်အား၊ ဝန်ထမ်းအင်အား အခြေအနေအပါအဝင် သင်ကြားစီမံကိန်းရပ် များကို ရှင်းလင်းတင်ပြသည်။

ခါးဆက်မပြတ်ရေးစီမံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အစိုးရ နည်းပညာကောလိပ်(ဘားအံ)မှာ တက္ကသိုလ်တစ်ခုအဖြစ် ပေါ်ထွန်းလာမှာ ဖြစ်သဖြင့် ဆရာ ဆရာမများအနေဖြင့် တိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ် များကို အစဉ်အမြဲ ဆည်းပူးကြရေး၊ အရည်အသွေးမြင့်မားသော အင်ဂျင်နီယာ ပညာရှင်များ မွေးထုတ်ရေး၊ တံတားတည်ဆောက်ရေး၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေး ပညာရှင်များခါးဆက်မပြတ်ရေးအတွက် စီမံဆောင်ရွက်ရန် မှာကြားသည်။

တိုင်းရင်းသားများတက်ရောက်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကရင် ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စုန့်သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)သို့ ရောက်ရှိ ကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်စိုး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက် ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် စုန့်သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)ဇိနမာန်အောင် ရပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော် ထီးတော်တင်မင်္ဂလာအခမ်းအနား၊ မြိုင်ကြီးငူ–ဘားအံသွား ၃၄မိုင်ရှည် သစ္စာလမ်းမကြီးနှင့် တံတား၉၉စင်း ဖွင့်ပွဲအခမ်းအနား၊ ဂန္ဓကုဋိ တိုက်တော်၊ ထီးတော်နှင့် လမ်းတံတားများ ရေစက်ချမင်္ဂလာအခမ်းအနားများသို့ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကော့ကရိတ်မြို့သို့ရောက်ရှိကြရာ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးကြီး တင်လှဦး၊ ကော့ကရိတ် ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကော့ကရိတ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ဦးအေးမင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်ကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ဇန်နဝါရီ ၂၄ ရက်က ဘားအံတက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် Electronic Media (Language Lab)၊ Computer Aided Instruction၊ Computer Application & e-Mail၊ Electronic Media (Video System)၊Printed Media (Reading Corner)၊ Electronic Media (Audio System)၊ Electronic Media (Visual Presenter) ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ကော့ကရိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံ အုပ်ကြီး ဒေါက်တာစိုးမြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ခွဲစိတ်ခန်းမနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

တိုးချဲ့တည်ဆောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံ ပရဝဏ်အတွင်း၌ ဆေးရုံအဆောက်အအုံသစ် တိုးချဲ့တည်ဆောက်နိုင်မည့် မြေနေရာကို ကြည့်ရှုပြီး ဆေးရုံအဆောက်အအုံသစ်တိုးချဲ့တည်ဆောက်ရန်နှင့် လက်ရှိဆေးရုံကြီးအတွင်း၊အပြင် မွမ်းမံပြုပြင်ရန်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကော့ကရိတ် မြို့ မြို့တော်ခန်းမ၌ ကော့ကရိတ်ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်က ကော့ကရိတ်ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အသားတင်စိုက်ပျိုးမြေ၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ လျှာထား ချက်နှင့် စိုက်ပျိုးနိုင်မှုအခြေအနေ၊ ခရိုင်အတွင်း ဝမ်းစာဖူလုံမှု အခြေအနေ၊ မွေးမြူရေးလုပ်ငန်းအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက် နေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

မလေးရှားနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း လုပ်ငန်းသဘော အလည်အပတ်ခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအာတားလ်ဘီဟာရီဗာချ်ပါယီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သြစတြေးလျနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ ဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းများအ ခြေအနေနှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဖြည့်ဆည်းပေးမည်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကော့ကရိတ်ခရိုင်၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ဒေသတာဝန်ခံများ၊ ဝန်ကြီးများ လိုက်ပါလာပြီး ကော့ကရိတ်ခရိုင်အပါအဝင် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

ယနေ့ နံနက်ပိုင်းက ကော့ကရိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဆေးရုံကြီးတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်ပတ်သက်ပြီး လိုအပ်မှုများကို မှာကြားဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်ကြောင်း။

ကော့ကရိတ်ခရိုင်မှ တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် စစ်ဆေးတွေ့ရှိချက်များအရ ခရိုင်တစ်ခုလုံး၏ ဒေသဝမ်းစာဖူလုံမှုရှိသော်လည်း အခြားသော စီးပွားဖြစ်ထွန်းနိုင်သည့် လုပ်ငန်းများဖြစ်သည့် ဥယျာဉ်ခြံမြေ လုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်နေသေးသည်ကိုတွေ့ရှိရကြောင်း၊ အလားတူပင် ပညာရေးကဏ္ဍတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း တိုးတက်လာအောင် အရှိန်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း။

ရာသီမရွေးသွားလာနိုင်

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအခြေခံကောင်းများ ရရှိရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းမကြီးများတိုးချဲ့ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်ပေးလျက်ရှိသကဲ့သို့ မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများ စသည့်ကြားလမ်းများ ကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ စီးပွားကုန်သွယ်မှု တိုးမြှင့်ရေးအတွက် မြဝတီ–ကော့ကရိတ်–ဘားအံလမ်းမကြီးကို အဆင့်မြှင့် တိုးချဲ့ပြီး ရာသီမရွေးသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေး အခြေခံကောင်းများရရှိလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး တိုးတက်မှုများနှင့်အတူ လူနေမှုအဆင့်တိုးတက်မြင့်မားလာနိုင်မှာဖြစ်ကြောင်း။

ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတွင် မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းပြီး သွက်လက်ထိရောက်သည့် စီမံခန့်ခွဲမှုဖြင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကော့ကရိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့်

အောင်မြင်အောင်ဆောင်ရွက်နိုင်

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စွမ်းရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာများရှိမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် လူသားစွမ်းရည် အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတွင် မူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်ပေးထားပြီး ဗဟိုမှ အောက်ခြေအထိအဆင့်ဆင့် ညွှန်ကြားချက်များ ပေးထားပြီးဖြစ်ကြောင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဦးဆောင်ဦးရွက်ပြုနေကြသည့် ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်များ အောင်မြင်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့တွင် တာဝန်ရှိသည်ဆိုသည့် ခံယူချက် သဘောထားဖြင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြမှသာ အောင်မြင်မှုများ ရရှိလာနိုင်မှာဖြစ်ကြောင်း။

လူနေမှုမြင့်မားရေး

ယနေ့အချိန်အခါတွင် နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် ဒေသအနှံ့အောက်ခြေအရောက်သွားပြီး နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံ၊ ကဏ္ဍစုံတွင် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဒေသလိုအပ်ချက်များကို ချက်ချင်းပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေသည့် အချိန်အခါဖြစ်ကြောင်း၊ ဤသို့သော အခြေအနေမျိုးကို ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများအနေဖြင့် သိရှိသဘောပေါက်ပြီး မိမိတို့သက်ဆိုင်ရာ နယ်မြေအနှံ့ ခရီးဆန့်၍ မိမိဒေသဖွံ့ဖြိုးရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝ မြင့်မားရေးတို့အတွက် ဝီရိယအား၊ စေတနာအား အပြည့်အဝဖြင့် ဒေသ၏ လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

ကော့ကရိတ်မြို့ တည်ရှိရာ အနေအထားအရ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ကုန်စည်ကူးသန်းဆက်ဆံနေသည့် အဓိက လမ်းမကြီးပေါ်တွင် တည်ရှိပြီး ကူးသန်းရောင်းဝယ်မှု လုပ်ငန်း ဖြစ်ထွန်းနိုင်သကဲ့သို့ စိုက်ပျိုးရေးအောင်မြင်စေမည့် သဘာဝအခြေခံများလည်း ပိုင်ဆိုင်ထားသည့် ခရိုင်ကြီးတစ်ခုလည်းဖြစ်ကြောင်း၊ ဤဒေသတွင် စိုက်ပျိုးအောင်မြင်နိုင်သည့် ရော်ဘာ၊ ငှက်ပျောတော်ကောင်း၊ ကွမ်းသီး၊ ကျွဲကောစသည့် ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးမွေးမြူရေးအတွက် ဒေသ တာဝန်ခံများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြုပြီး အားပေးကူညီသွားကြရန် မှာကြားလိုကြောင်း။

ဇန်နဝါရီ ၂၄ ရက်က သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး လုပ်ငန်း တိုးတက်မှုအခြေအနေကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

သင်ထောက်ကူ ပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ဆေးဝါးများပေးအပ်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကော့ကရိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးဝါးများကို ဆေးရုံအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ ဇိနသုခလောကသရဖူစေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်သို့ရောက်ရှိကြရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

သံလွင်တံတားစစ်ဆေး

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ဘက်ကမ်းရှိ သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ချဉ်းကပ်တံတား(မော်လမြိုင်ဘက်ကမ်း) ကိုယ်ထည်လုပ်ငန်း၊ ကွန်ကရစ်ပြားခင်းခြင်းလုပ်ငန်း၊ Over Layslab ခင်းခြင်း ရာခိုင်နှုန်းပြည့်ပြီးစီးနေမှုကိုလည်းကောင်း၊ မော်လမြိုင်ဘက်ကမ်း ပင်မတံတားတိုင် အမှတ်(၂၂)မှ (၁၃) အထိ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းကို သံပေါင်သယ် သံလမ်းပြေးရထားဖြင့်လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးမှုတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် (တံတား) ဦးဟန်ဇော်က သံလွင်တံတား (မော်လမြိုင်) စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ပင်မတံတား ရေလယ်တိုင်များ တည်ဆောက်ပြီးစီးနေမှု၊ ချဉ်းကပ်တံတား (မော်လမြိုင်ဘက်ကမ်း)နှင့် ချဉ်းကပ်တံတား (မုတ္တမဘက်ကမ်း) တည်ဆောက်ပြီးစီးနေမှု အခြေအနေ၊ သံပေါင်တင်ရန် ၂၁ ခန်းရှိသည့်အနက် ၁၆ ခန်း ပြီးစီးနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက သံလွင်မြစ်၏ ရေကြောင်းအခြေအနေ၊ သံလွင်တံတား(မော်လမြိုင်)အောက်မှ ရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းတွင် မြန်မာ့မီးရထားက ဆက်စပ်ပါဝင်ဆောင်ရွက်နေသောလုပ်ငန်းများ အခြေအနေ၊ မော်လမြိုင်ဘူတာရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်ထား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး သံလွင်တံတား(မော်လမြိုင်)မှာ တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံး တံတားဖြစ်မှာဖြစ်ပြီး မိမိတို့ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တည်ဆောက်ခြင်းဖြစ်၍ အင်ဂျင်နီယာသမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် တံတားကြီးတည်ဆောက်ရာတွင်ပါဝင်ကြသည့် မြန်မာအင်ဂျင်နီယာပညာရှင်များကို မှတ်တမ်းတင်ထားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းအခြေအနေကို ရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုကြသည်။

သံလွင်တံတား(မော်လမြိုင်)မှာ ရန်ကုန်–မော်လမြိုင်–မြိတ်–ကော့သောင်း လမ်းပေါ်တွင် တည်ရှိပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကိုဖြတ်ကျော်၍ မော်လမြိုင်မြို့နှင့် မုတ္တမတို့သို့ဆက်သွယ်ပေးမည့် တံတားဖြစ်သည်။

ကားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၁၁၅၇၅ ပေ ရှည်မည်ဖြစ်သည်။

ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၈၇၁၆ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၀၀၅၁ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၂၆၄၆၆ ပေရှည်မည်ဖြစ်သည်။

ကားလမ်းနှင့်မီးရထားလမ်းပါရှိ

သံလွင်တံတား(မော်လမြိုင်)တွင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် အကျယ် ၁၄ပေရှိ ရထားလမ်းတို့အပြင် ယာဉ်သွားလမ်း၏ တစ်ဖက်စီတွင် ခြောက်ပေစီအကျယ် လူသွားလမ်းလည်း ပါရှိမည်ဖြစ်သည်။ ကားလမ်းနှင့် မီးရထားလမ်းတို့ ယှဉ်၍တည်ရှိမည့် တံတားကြီးဖြစ်သည်။

၇၀ ရာခိုင်နှုန်းပြီးစီး

တံတားတည်ဆောက်ပြီးစီးမှုမှာ မော်လမြိုင်ဘက်ကမ်း၌ ချဉ်းကပ် တံတား အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်း၊ ရက်မလုပ်ငန်းနှင့် အပေါ်ကြမ်းခင်းခြင်းလုပ်ငန်းများမှာ လုံးဝပြီးစီးနေပြီး မုတ္တမဘက်ကမ်း၌ အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည် လုပ်ငန်း၊ ရက်မလုပ်ငန်းတို့မှာ လုံးဝပြီးစီးနေပြီဖြစ်သည်။ ပင်မရေလယ်တိုင်၂၂တိုင်အနက် တိုင်၂၀မှာ လုံးဝပြီးစီးနေပြီး နှစ်တိုင်မှာလည်း အချောသပ်လုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းမှာ ၂၁ ခန်းအနက် ၁၆ ခန်းမှာ တပ်ဆင်ပြီးဖြစ်သည်။ တံတားကြီးတစ်စင်းလုံးအနေဖြင့် တည်ဆောက်ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်ဇနီး ထိုင်းနိုင်ငံတပ်မတော်နေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Col. Karam Nakpun နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာရက်သတ္တပတ်-၂၀၀၄ပြပွဲ ကြည့်ရှုအားပေးသူပြည်သူများဖြင့်အထူးစည်ကား

ရန်ကုန် ဇန်နဝါရီ ၂၅

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ပဉ္စမနေ့အဖြစ် ဆက်လက်ကျင်းပသည်။ ပြပွဲသို့ လူငယ်များ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ ပြည်သူများ၊ နိုင်ငံခြားသားများနှင့် အသင်းအဖွဲ့များမှ အသင်းအဖွဲ့အလိုက်၊ ကျောင်းအလိုက်နှင့် တစ်ဦးချင်းရော၊ မိသားစုအလိုက်ပါ လာရောက်လေ့လာကြရာ လေ့လာကြည့်ရှုအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြပွဲတွင် Kyaw Zeyar Telecommunication Services Co., Ltd.က ဂျပန်နိုင်ငံ မစ်ဆူဘီရှီကုမ္ပဏီမှ ထုတ်လုပ်သော Panasonic အမှတ်တံဆိပ် Telecommunication & Office Automation ပစ္စည်းများကို တစ်ဦးတည်းကိုယ်စားလှယ် တင်သွင်းရောင်းချလျက်ရှိပြီး မြန်မာတစ်ပြည်လုံးရှိ ဈေးကြီးများ၊ မြို့များ၊ Super Market များ၊ ကွန်ဒိုမီနီယံများနှင့် အစိုးရဌာနများတွင် လိုင်းခွဲအိတ်ချိန်းများ၊ လုံခြုံရေးကင်မရာစနစ်များ(CCTV) နှင့် Laser Fax များကို After Sales Service & Warrants ပေးကာ တပ်ဆင်ပေးလျက်ရှိသည်။ ပြပွဲတွင် Internet နှင့် Communications ကို ပေါင်းစပ်အသုံးပြုသော နောက်ဆုံးပေါ် Panasonic Ip PBXကို ပြသထားသည်။ အဆိုပါ Ip PBX မှာ လိုင်းခွဲ (Exchange) တစ်မျိုးဖြစ်ပြီး လိုင်းခွဲများမှ Voice နှင့် Data ပါ တွဲဖက်အသုံးပြုနိုင်ကြောင်း သိရှိရသည်။

Myanmar Technology Zone (T Zone) တွင် Software အနေဖြင့် စီးပွားရေးလုပ်ငန်းသုံး Software Packages များနှင့် Myanmar Digital Directory Web Siteတို့ကို ပြသထားပြီး Hardware အနေဖြင့် Latest PC များ၊ Netbook ၊ Pocket PC၊ PDA များနှင့် ကွန်ပျူတာသုံး ဆက်စပ်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Myanmar Millennimum Group Co.,Ltd. တွင် Linksys ၏ Authorized Distributor ဖြစ်ပြီး Network ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းရှင်များ၏ Network Security အတွက် Fortigate Antivirus Firewall၊ ရုံးဌာနကုမ္ပဏီများအတွက် သီးသန့်ကွန်ရက် Virtual Private Network (VPN) များ တည်ထောင်နိုင်ရန် Netscreen High Preformance VPN/Fire wall Products များအပြင် ရုံး၊ ကုမ္ပဏီဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၏ ကိုယ်ရေးအချက်အလက်များကို စနစ်တကျသိမ်းဆည်းထားနိုင်ပြီး ID Card မျိုးစုံကို လျင်မြန်စွာ ထုတ်ပေးနိုင်သော Smart ID Card Software များကို ပြသထားသည်။

Queen Star Computer Center သည် Ben Q ၏ Direct Channel Partner အဖြစ် LCD Monitor ၊ CRT Monitor၊ CD Rom၊ DVD Rom၊ CDRW၊ Scanner အစရှိသော ထုတ်ကုန်များကို ပြသထားသည်။ ထို့အတူ D Link မှ ထုတ်လုပ်သော Switch Hub၊ Net work Card၊ Modem၊ Network Cable ၊ RJ-45 Connector နှင့် ဆက်စပ်ပစ္စည်းများကိုလည်းခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

Spring Commercial Co. Ltd. မှ အနယ်နယ်အရပ်ရပ်ရှိ လူတိုင်းသုံးစွဲနိုင်ရန် ဈေးနှုန်းချိုသာ၍ အရည်အသွေးပြည့်မီပြီး စိတ်ချရသော ကွန်ပျူတာနှင့် အပိုပစ္စည်းများနှင့် အင်တာနက် ချိတ်ဆက်ပစ္စည်းများကို အဓိကထား ပြသရောင်းချလျက်ရှိပြီး ဝယ်ယူသူများ စိတ်ချမ်းသာစွာ အသုံးပြုနိုင်ရန် ငါးနှစ်လက်ခံမဲ့ ဝန်ဆောင်ပံ့ပိုးလျက်ရှိကြောင်း သိရှိရသည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲ၌ ပြသထားသော ပြခန်းများတွင် ပြည်သူများစည်ကားစွာ လေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

Dagon Communication Co., Ltd. မှ Interactive Learning CD Rom များ၊ Micro Softword & WindowXP Power Point နှင့် Internet&E-mail Graphic Design ပညာရပ်သင်ယူသူများအတွက် Photoshop 7 CD Rom များ၊ အင်္ဂလိပ်စကားပြော လေ့လာသူများအတွက် Practical English CD Rom များ စသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ပြသရောင်းချလျက်ရှိသည်။

Potency Computer Sales& Service Centre မှ Computer Sales, Service&Regular Maintenance လုပ်ငန်းများနှင့် စက်ရုံ အလုပ်ရုံများ၊ ရုံးအဖွဲ့အစည်းများ၊ ကုမ္ပဏီများတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Local Area Network System များအတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုများကို စာချုပ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဓိကရည်ရွယ်ချက်မှာ မဖွံ့ဖြိုးသေးသော မြို့ရွာများအတွက် IT နှင့် ပတ်သက်သော ပတ်ဝန်းကျင်များ ဖန်တီးပေးခြင်းနှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဖြစ်ကြောင်း သိရှိရသည်။

Inforithm-Maze Co.,Ltd. မှ Software များ၊ Web Side များထုတ်လုပ်လျက်ရှိပြီး Hyper Link Media နှင့် ပူးပေါင်းတပ်ဆင် ထုတ်လုပ်ဖြန့်ချိလျက်ရှိသော မြန်မာ့မဟာဂီတအခြေခံစီဒီရွှမ်တွင် ကမ္ဘာသုံးဂီတသင်္ကေတနည်းပညာ၊ မြန်မာ့မဟာဂီတအခြေခံသင်ရိုး ကြိုး၁၃ပုဒ်၊ မြန်မာ့တူရိယာများ၏ တီးကွက်၊ တီးဟန်သံစဉ်များ၊ မဟာဂီတ စာဆိုတော်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် သီချင်းတို့ကို ထည့်သွင်းထားသော စီဒီရွှမ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ Fascinating Myanmar ခရီးသွား စီဒီရွှမ်ကိုလည်း ထုတ်ဝေဖြန့်ချိရန် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

Expo Myanmar Co.,Ltd. မှ Digital EPABX Toshiba တယ်လီဖုန်းလိုင်းခွဲစက်များကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ သီရိဂုဏ်၊ ဝေဇယန္တာ၊ မေခ၊ ရွှေကိန္နရီ၊ မလိခ၊ ဇောတိက၊ သုမင်္ဂလာနှင့် ရွှေခင်းသာအိမ်ရာများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ရတနာမွန်၊ အေးရိပ်မွန်၊ မြကန်သာ၊ ဟံသာရိပ်မွန်၊ မင်္ဂလာဆင်မင်း၊ မြနန္ဒာနှင့် သီရိမင်္ဂလာအိမ်ရာများတွင် အကောင်အထည်ဖော် တပ်ဆင်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပြပွဲကို ဇန်နဝါရီ၂၇ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ညနေ၅နာရီအတွင်း အများပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာပြည်သူများ သွားလာမှုလွယ်ကူစေရန် လွန်းပြန်ယာဉ်များ အခမဲ့ပြေးဆွဲလျက်ရှိသည်။

MICT Park ၌ ဇန်နဝါရီ၂၆ရက် နံနက်၉နာရီတွင် Wireless and Broadband Application Seminar နှင့် မွန်းလွဲ၁နာရီတွင် Myanmar National Counter-Strike Championship Final တို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

● ***အိုင်တီနည်းပညာမှ***

အိုင်တီနည်းပညာဖွံ့ဖြိုးရေးတွင် နိုင်ငံအတွင်းရှိ ကုမ္ပဏီများက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ပြည်သူများအနေဖြင့် အိုင်တီနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို သိရှိလေ့လာဆည်းပူးနိုင်ပြီး အသုံးချနိုင်မှုမှာလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာခဲ့သည်။

စိတ်ဝင်စား

အိုင်တီနည်းပညာရပ်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူများ သိရှိလေ့လာခွင့်ရရှိရန်နှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိရန်ကျင်းပလျက်ရှိသည့်တတိယအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ-၂၀၀၄ ကို လူငယ်များနှင့် ပြည်သူများက အထူးစိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လျက်ရှိသည်။

ပြပွဲတွင် ပြသထားသော ပြခန်းများနှင့် ပတ်သက်၍ မြန်မာ့အလင်းက မေးမြန်းရာ EXPO Myanmar Co., Ltd.ပြခန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းနိုင်က "နောက်ဆုံးပေါ်ခေတ်မီနည်းပညာတွေနဲ့ ထုတ်လုပ်ထားတဲ့ အီလက်ထရွန်နစ်ပစ္စည်းများဖြစ်တဲ့ Digital Epabx Toshiba တယ်လီဖုန်းလိုင်းခွဲစက်များကို ရန်ကုန်မြို့ အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်ရှိ အိမ်ရာများတွင် အကောင်အထည်ဖော် တပ်ဆင်နေကြောင်း၊ တပ်ဆင်လျက်ရှိသော အိမ်ရာများမှာ

"လိုင်းခွဲတယ်လီဖုန်းများ တပ်ဆင်ပေးတဲ့အတွက် ပြည်သူများ ဆက်သွယ်ရေး လျင်မြန်လွယ်ကူလာစေပါတယ်"
ဦးဇော်မင်းနိုင် (အင်ဂျင်နီယာ)
(EXPO Myanmar Co., Ltd.)

ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ဝေဇယန္တာအိမ်ရာ၊ သီရိဂုဏ်၊ ဇောတိက၊ မေခ၊ ရွှေကိန္နရီ၊မလိခ၊ သုမင်္ဂလာ၊ ရွှေခင်းသာအိမ်ရာများနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ရတနာမွန်၊ အေးရိပ်မွန်၊ မြကန်သာ၊ ဟံသာရိပ်မွန်၊ မြနန္ဒာ၊ မင်္ဂလာဆင်မင်းနှင့် သီရိမင်္ဂလာအိမ်ရာများဖြစ်ကြောင်း၊ ယခုကဲ့သို့ လိုင်းခွဲတယ်လီဖုန်းများ တပ်ဆင်ပေးသည့်အတွက် ပြည်သူများ ဆက်သွယ်ရေးတွင် လျင်မြန်လွယ်ကူမှု အကျိုးကျေးဇူးများရရှိကြောင်း" ရှင်းလင်းပြောကြားသည်။

Myanmar World Distribution Co., Ltd. မှ Assistant Marketing Manager ဦးသီဟသောင်းက ရှင်းပြရာတွင် "MWD မှ e-Government Application Modules, e-Learning, Agriculture Intergrated Management System, e-Commerce and Distribution Management System, Interactive Multilingual Portal, Virtual Office, Enterprise Portal များနှင့်သက်ဆိုင်သော Software များ ထုတ်လုပ်နေကြောင်း၊ e-Government ဖွံ့ဖြိုးရေးအတွက် Government Management Solution များကို မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားပြီး Software Application Module များကိုရေးသားထုတ်လုပ်ထားကြောင်း၊ e-Government ၏ သဘောသဘာဝမှာ ရှေးဦးစွာ သက်ဆိုင်ရာအဖွဲ့အစည်းအတွင်း ကွန်ရက်စနစ်ထူထောင်ပြီး အခြားသော အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်သူလူထုတစ်ရပ်လုံးအတွက် လိုအပ်သည့် အခြေခံသတင်း အချက်အလက်များနှင့် ဝန်ဆောင်မှုပေးနိုင်ရန်ဖြစ်ကြောင်း၊ Software Application များထဲမှ အချို့သော Module များကို ရှင်းပြရလျှင် Software Application များသည် Mobile Ready ဖြစ်သဖြင့် ဆက်သွယ်ရေးဌာနမှ Data Service ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် Mobile Device များပေါ်မှ နေရာမရွေး၊ အချိန်မရွေး အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

Module များအနေနှင့် Report Manager Module နှင့် Employee Database System Module တို့ဖြစ်ကြောင်း"ပြောကြားသွားသည်။

နောက်ဆုံးပေါ်

Access Spectrum ပြခန်းမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်ဖြူဖြူထွန်းက "မိမိတို့နိုင်ငံတွင် ပြည်သူများအနေဖြင့် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံးပစ္စည်းများကို သိရှိမြင်တွေ့စေချင်ကြောင်း၊ အသုံးပြုနိုင်အောင်လည်း ရှင်းလင်း ပြောကြားပေးကြောင်း၊ ပြခန်းတွင် PADS (Personal Digital Assitant) ဆိုင်ရာ ပစ္စည်းဖြစ်သည့် HP ipag၊ Palm XDo_2 Dell, Toshiba, NEC စသည့် အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ် ပစ္စည်းများကို ပြသထားကြောင်း၊ IBM, Apple နှင့် အခြားကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို ပြသ ရောင်းချပေးလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် နောက်ဆုံးပေါ် နည်းပညာသုံး ပစ္စည်းများကို တစ်နေရာတည်း စုစည်းပြသထားသဖြင့် အချိန်တိုအတွင်း လျင်မြန်စွာ လေ့လာသိရှိနိုင်ပါကြောင်း၊ အဆိုပါ ပစ္စည်းများကို ပြပွဲရက်အတွင်း ဝယ်ယူသုံးစွဲပါကလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချနေပါကြောင်း"ဖြင့် ပြောကြားသည်။

ကွန်ပျူတာဆိုင်းဝိုင်း

ဆက်လက်၍ Youth Computer ပြခန်းမှ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဦးဇော်လင်းကလည်း "မိမိတို့ပြခန်းကို ခင်းကျင်း ပြသရခြင်းမှာ ပြည်သူများအနေဖြင့် အိုင်တီနည်းပညာသုံးပြီး ကွန်ပျူတာ ဂီတဖန်တီးမှုများကို သိရှိမြင်တွေ့စေလို၍ ဖြစ်ကြောင်း၊ ကွန်ပျူတာဂီတ ပြုလုပ်ထားမှုမှာ မြန်မာနိုင်ငံတွင် ပထမဆုံးတီထွင်ပြုလုပ်ထားခြင်းဖြစ်ပြီး မြန်မာ့ဆိုင်းဝိုင်းတူရိယာသံစဉ်များကို ကွန်ပျူတာပေါ်တင်ပေးခြင်းဖြင့် ကွန်ပျူတာဆိုင်းဝိုင်းကြီးတစ်ခုအဖြစ် ခံစားနားထောင်ရမည်ဖြစ်ကြောင်း။

Audio ဆော့ဖ်ဝဲများကို အသုံးပြုသူအဆင့်ဆင့် သုံးစွဲ၍ ရရှိအောင်လည်းပြုလုပ်ထားသဖြင့် ကွန်ပျူတာနှင့်ပတ်သက်၍ မာတီမီဒီယာရပ်သံကဏ္ဍတွင် ကွန်ပျူတာတစ်လုံးထဲတွင် O_2ne Stop အပြီးအစီးလုပ်ပေးနိုင်ကြောင်း၊ နားလည်တတ်ကျွမ်းလိုပါက သင်တန်းများလည်းဖွင့်လှစ်သင် ကားပေးလျက်ရှိကြောင်း" ပြောကြားသည်။

တတိယအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ-၂၀၀၄ သည် ပြည်သူများ အိုင်တီနည်းပညာရပ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နောက်ဆုံးပေါ် ပစ္စည်းများကို လက်တွေ့ သိရှိပြီး လေ့လာ ဆည်းပူးနိုင်သည့်အပြင် လူငယ်တို့၏ အိုင်တီနည်းပညာရပ်အပေါ် စိတ်ဝင်စားမှုကို ပိုမိုဖြစ်ထွန်းရန် ဆောင်ရွက်ပေးနေသော ပြပွဲဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံးပစ္စည်းများကို ပြည်သူများအတွက် ခင်းကျင်းပြသပေးခြင်းဖြင့် ဗဟုသုတများစွာ ဖြစ်စေပါတယ်"
ဒေါ်ဖြူဖြူထွန်း(ဒါရိုက်တာ)
(Access Spectrum ပြခန်း)

*** *စက်မှုဇုန်များမှ***

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက်၇နာရီခွဲတွင် လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်(၃)ရှိ A.A Electronics Co., Ltd.၏ လျှပ်စစ်ပစ္စည်း တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ ကုမ္ပဏီက တပ်ဆင်ထုတ်လုပ်သော'Star'တံဆိပ် TVများ၊ VCDစက်များ၊ လေအေးပေးစက်များ၊ အဝတ်လျှော်စက်များ၊ ရေပူရေအေးစက်များ၊ ရေခဲသေတ္တာများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ပြပွဲ၌ ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

ထို့နောက် ရှင်းလင်းဆောင်၌ A.A Electronics Co., Ltd. ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ရှင်းလင်းတင်ပြရာ၌ အီလက်ထရွန်နစ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်ရန် မိမိတို့ကုမ္ပဏီကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၉၈ခုနှစ်တွင် အဖြူနှင့်အမည်း TVများကို စတင်တပ်ဆင်ထုတ်လုပ်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် Colour TV များကို တပ်ဆင်ထုတ်လုပ်ခဲ့ပါကြောင်း၊ ၂၀၀၂ခုနှစ်မှစ၍ VCD စက်များကို ထုတ်လုပ်ခဲ့ပါကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် အဝတ်လျှော်စက်များ၊ လေအေးပေးစက်များ၊ ရေပူ ရေအေးစက်များစသည့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးကိုလည်း အရည်အသွေးကောင်းမွန်စွာဖြင့် တပ်ဆင်ထုတ်လုပ်နိုင်ရန် စီမံထားပါကြောင်း။

ယခုအခါ 'Star' TVအလုံးပေါင်း ငါးသောင်းကျော်၊ VCDအလုံးပေါင်း ၂၅၀၀၀ကျော် ထုတ်လုပ်ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး အီလက်ထရွန်နစ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်ရေးအတွက် လိုအပ်ချက်များကိုတင်ပြသည်။

ဆက်လက်၍အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဝင်းအောင်က လျှပ်စစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကုမ္ပဏီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)တို့က ၂၁လက်မ'Star' Colour TV ၁၀လုံးကို ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Colour TV တပ်ဆင်ထုတ်လုပ်နေမှု အဆင့်ဆင့်ကိုလည်းကောင်း၊ VCDစက်တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး TV နှင့် VCDစက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ အားပေးမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်(၂)ရှိ သံလွင်ဧရာကုမ္ပဏီသို့ရောက်ရှိကြပြီး ကုမ္ပဏီကထုတ်လုပ်ထားသည့် MEGA Jeep များကို ကြည့်ရှုစစ်ဆေးကြရာ ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်ဝင်းက ဂျစ်ကားအပြင် နိုင်ငံတော်က လိုအပ်သော ဘတ်စကားနှင့် ကုန်တင်ကားများကိုပါ ထုတ်လုပ်နိုင်ရန် စီမံထားပါကြောင်း ရှင်းလင်းပြသသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးကိုကိုအေးက MEGA Jeep ထုတ်လုပ်မှု၊ ရောင်းချရမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် မော်တော်ယာဉ် စက်ပစ္စည်းများနှင့် MEGA Jeep တပ်ဆင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လှိုင်သာယာစက်မှုဇုန်(၂)ရှိ ရွှေသာယာ မော်တော်ကားကုမ္ပဏီသို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်စန်းက ရွှေသာယာ ဝက်ဂွန်ယာဉ်ငယ် ထုတ်လုပ်မှုနှင့် ၁၄တန် ၁၀ဘီး ကုန်တင်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းရှင်တစ်ဦးက မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများတွင် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က အများပြည်သူသုံး ဘတ်စကားနှင့် ကုန်တင်ယာဉ် ထုတ်လုပ်နိုင်ရန် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ရေးဆွဲထားသည့် ပုံစံဒီဇိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာတွင် ယခုအခါ နိုင်ငံတော်၏ စီမံအားပေးမှုအရ စက်မှုဇုန်များက အများပြည်သူသုံး ဘတ်စကားနှင့် ကုန်တင်ယာဉ်များ ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း။

အရည်အသွေးရှိရှိတည်ဆောက်

ဘတ်စကားနှင့်ကုန်တင်ယာဉ်များ ထုတ်လုပ်ရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ညှိနှိုင်းပြုစုထားသည့် ပုံစံဒီဇိုင်းတို့နှင့်အညီ အရည်အသွေးရှိရှိ တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကစက်မှုကဏ္ဍ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည့် ပံ့ပိုးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တက်ညီလက်ညီဆောင်ရွက်

ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတော်၏ အားပေးမှုများဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ လှိုင်သာယာစက်မှုဇုန်(၃)ရှိ A.A Electronics Co.,Ltd.၏ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် ကုမ္ပဏီဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသီဂီဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)တို့က ၂၁ လက်မ 'Star' Colour TV ၁၀ လုံးကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ကားကိုယ်ထည်ပုံစံပြခန်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကုမ္ပဏီက စမ်းသပ်ထုတ်လုပ်ထားသည့် ၁၄ တန် ၁၀ဘီး ကုန်တင်ယာဉ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပုံဖိစက်ဖြင့် ကားဖရိန်ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ အသုံးပြုသည့် အင်ဂျင်နှင့် ဂီယာဘောက်စ်များ၊ ကားကိုယ်ထည် အစိတ်အပိုင်းများ၊ ရွှေသာယာဝက်ဂွန် တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် ထုတ်လုပ်ပြီး ရွှေသာယာဝက်ဂွန် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ၁၅ မိနစ်တွင် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံသို့ ရောက်ရှိကြရာ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြပြီး ပြသလျက်ရှိသည့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Network Game Centreကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် IT ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုစစ်ဆေး အားပေးကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပြခန်းနှင့် ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီး မြင့်အုန်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့် အမှတ် (၁)တပ်ထိန်းတပ်မှူး၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များသည် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာရှိ သာယာကုန်းစံပြကျေးရွာနှင့် မိုးကြိုးပစ်ကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်ကပံ့ပိုးပေးမည်
ဒေသဖွံ့ဖြိုးရေးနှင့်သားစဉ်မြေးဆက်အေးချမ်းစွာနေနိုင်ရေးကိုယ်တိုင်ပါဝင်
စိုက်ပျိုးရေးသာမက မွေးမြူရေးပါဆောင်ရွက်ရင်း နိုင်ငံတော်စေတနာကိုတုံ့ပြန်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်စခန်း၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် သာယာကုန်းစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒေသခံများကြိုဆို

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာသို့ နံနက်စနာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်စခန်းဝင်းအတွင်း Last White အမျိုးအစားဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အိမ်ထောင်စုတိုင်းမွေးမြူ

အဆိုပါဝက်မွေးမြူရေးခြံတွင် ယခုအခါ ဝက်ထီးနှစ်ကောင်၊ ဝက်မ၁၀ ကောင်၊ ဝက်သားပေါက်ခြောက်လသား ၄၆ကောင်ရှိပြီး တိုးချဲ့မွေးမြူရန် ဆောင်ရွက်လျက်ရှိသော အဆိုပါဝက်သားပေါက်များကို ကျေးရွာအိမ်ထောင်စုတိုင်း မွေးမြူနိုင်ရန် မွေးဘက်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သာယာကုန်းစံပြကျေးရွာ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်စခန်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၇၀၀၀၊ အကျယ် ၂၂ ပေရှိ သာယာကုန်းစံပြကျေးရွာနှင့် မိုးကြိုးပစ်ကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှုကို လည်းကောင်း၊ မှော်ဘီချောင်း ရေထိန်းတံခါး တည်ဆောက်မည့်နေရာကို လည်းကောင်း၊ လမ်းဘေး ဝဲယာတစ်လျှောက် တစ်နှစ်ပတ်လုံး စပါးအပါအဝင်သီးနှံအမယ်သစ်(အမည်သစ်)များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ငါးဧကစီရှိ လယ်မြေကွက်များအား စက်ယန္တရားကြီးများဖြင့် လယ်ကွက်ဖော်ထုတ်နေမှုကို လည်းကောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

မဖြစ်မနေဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သာယာကုန်းစံပြကျေးရွာ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားရာတွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲက လုပ်ငန်းစဉ်ငါးရပ်ကို မဖြစ်မနေ ဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားကြောင်း။

ယင်းလုပ်ငန်းစဉ် ငါးရပ်မှာ ကျေးလက်နေပြည်သူများ သက်တမ်းစေ့ ကျန်းမာစွာ နေထိုင်နိုင်အောင် ဆောင်ရွက်ရေး၊ လူတိုင်းအခြေခံပညာ တတ်မြောက်ပြီး လူငယ်တိုင်း အဆင့်မြင့်ပညာသင်ယူတတ်မြောက်အောင် စည်းရုံးဆောင်ရွက်သွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည့် ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာမှ မြို့ပေါ်ချင်းဆက်သွယ်သည့် လမ်းများစသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ရေးနှင့်ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေးတို့ပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အဓိကဆောင်ရွက်သွားကြရမည့်သူများမှာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာနေ ဒေသခံ ရပ်မိရပ်ဖပြည်သူများပင် ဖြစ်ကြကြောင်း။

ပူးပေါင်းပါဝင်

သို့ဖြစ်ရာ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့သားစဉ်မြေးဆက် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် မိမိတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတော်၏စီးပွားတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ရာ အခြေခံကျသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် မိမိတို့ကလည်း လယ်ယာစိုက်ပျိုးရေး တစ်ခုတည်းသာမက ဝက်၊ ဘဲ၊ ကြက်မွေးမြူရေးကိုပါ ပူးတွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်ပေးကြရန် မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျေးရွာဆေးပေးခန်းစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သာယာကုန်းစံပြကျေးရွာရှိ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာဝင်ငွေတိုးအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာနေ ကျောင်းသား ကျောင်းသူများအား ကြိမ်ထိုးပညာသင်တန်း သင်ကြားပေးနေမှုကို လည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က တည်ထောင်ဖွင့်လှစ်ပေးထားသည့် ကျေးရွာဆေးပေးခန်းနှင့် သာယာကုန်းစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ကြီးမှူးဆောင်ရွက်လျက်ရှိသည့် ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၄)ရှိ နေကြာတံဆိပ် ပီနံအိတ်စက်ရုံလုပ်ငန်း လည်ပတ်နေမှုကို လည်းကောင်း၊ ပျံလွှား ခတ်ခဲစက်ရုံ တည်ဆောက်နေမှုကို လည်းကောင်း၊ လှိုင်ဧရာ ရေခဲစက် လည်ပတ်နေမှု အခြေအနေနှင့် သောက်ရေသန့်စက်ရုံ တည်ဆောက်နေမှု အခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူတို့အားမှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သရီရဓာတ်တော်များ ယာယီမဏ္ဍပ်သို့ပင့်ဆောင်

ရန်ကုန် ဇန်နဝါရီ ၂၅

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီးတွင် ထာဝရ သီတင်းသုံးနေသည့် သရီရဓာတ်တော်များ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ ရပ်ကွက်သို့ နှစ်စဉ် ကျင်းပမြဲ (၁၃)ကြိမ်မြောက်လှည့်လည်ပူဇော်ခံရန်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်၊ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အတွင်းရေးမှူးဦးမြတ်သူ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းတို့ ဦးဆောင်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဝတ်အသင်းများက မြို့သစ် (က-ခ)ရပ်ကွက်၊ (က-၃)လမ်း မှ အင်းစိန်ဈေးကြီးအနီး လှိုင်မြစ်လမ်းပေါ်ရှိ ယာယီအပူဇော်ခံမဏ္ဍပ်သို့ ရွှေထီးတော်များမိုး၍ အခမ်းအနားဖြင့် ပင့်ဆောင်လာကြောင်း သိရသည်။ **(ဝ၄၆)**

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာယာ့စ်ဝန့်ဆင်းဟာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဩစတြေးလျနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ်(အင်္ဂလိပ်စာ)
(ခ)ဒုတိယနှစ်(သမိုင်း)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရုပ်ရှင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၁၀)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရုပ်ရှင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၂၂)

မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သံအမတ်ကြီးများနှင့် ကုလအဖွဲ့အစည်းများမှကိုယ်စားလှယ်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၅

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ဦးဆောင်၍ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့ပါဝင်သောအဖွဲ့သည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များလိုက်ပါလျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ချက်များလေ့လာရန် ဇန်နဝါရီလ ၂၃ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဟဲဟိုးလေဆိပ်သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။ လေဆိပ်ရှင်းလင်းဆောင်၌ ဝန်ကြီးများက ခရီးစဉ်ရည်ရွယ်ချက်နှင့် သွားရောက်လေ့လာမည့် နယ်မြေအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ဟဲဟိုးမှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ မိုင်းဆတ်မြို့သို့ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။



မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ယောင်ခစံပြကျေးရွာတွင် လှည့်လည်ကြည့်ရှုကြစဉ်။ (မူးယစ်ဗဟို)

ရှင်းလင်းပြောကြား

ဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် မိုင်းဆတ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် မိုင်းယွန်းသို့ဆက်လက်ထွက်ခွာခဲ့ရာ တိုင်းရင်းသားခေါင်းဆောင် ဦးတာကပ်နှင့်အဖွဲ့က ကြိုဆိုပြီး ရှင်းလင်းဆောင်၌ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး အခြေအနေများကို ရှင်းလင်းပြောကြား ရာတွင် မိုင်းယွန်းမြို့ကို ၁၉၉၇ခုနှစ်မှ စတင်ထူထောင်ခဲ့ကြောင်း၊ လူဦးရေ ၂၅၈၀၀ ခန့်ရှိပြီး ရှမ်း၊ 'ဝ'၊ အခါ၊ လားဟူ စသည့် တိုင်းရင်းသားများနေထိုင်ကြကြောင်း၊ တိုင်းရင်းသားများ အနေဖြင့် မြို့ပြဖွံ့ဖြိုးလာသည်နှင့် ပြောင်းရွှေ့နေထိုင်လာကြကြောင်း၊ မိုင်းယွန်းတွင် မူလတန်းကျောင်း သုံးကျောင်း၊အလယ်တန်းကျောင်း နှစ်ကျောင်းရှိပြီး ကျောင်းသားဦးရေ ၁၅၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ဆေးရုံတစ်ရုံဆောက်လုပ်ထားကြောင်း၊ စိုက်ပျိုးသီးနှံပိုင်းတွင် အထွက်တိုးစပါးများ စိုက်ပျိုးနိုင်ရန် တစ်ပိုင်တစ်နိုင်ဆည်မြောင်းတာတမံ အသေးစားများ၊ လမ်းတံတားများ တည်ဆောက်နိုင်ခဲ့သဖြင့် ဒေသဝမ်းစာ ဖူလုံရုံမက ပန်ဆန်းသို့ပင် ဆန်စပါးများ ထောက်ပံ့နိုင်ခဲ့ကြောင်း။

မိုင်းယွန်း–မိုင်းဆတ်လမ်းကိုလည်း ဖောက်လုပ်နိုင်ခဲ့သဖြင့် ကျန်းမာရေးအတွက် မိုင်းဆတ်ဆေးရုံသို့ အချိန်မရွေး သွားရောက်ဆေးကုသမှု ခံယူနိုင်ခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ငွေကြေးနှင့် ပစ္စည်းအထောက်အပံ့များ၊ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပေးမှုများ၊ 'ဝ'ဒေသဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းချပေးမှုများစသည့် စီးပွားရေးအရင်းအမြစ်များကိုအခြေပြု၍ ဒေသပြည်သူများကို မှန်ကန်သောစီးပွားဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ တင်ပေးနိုင်ခဲ့သဖြင့် ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ဆန်စက်နှင့်ရေအားလျှပ်စစ်စက်ရုံ နှစ်ရုံကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း၊ ပြောင်းရွှေ့နေထိုင်လာသူ တိုးတက်လာသည်နှင့်အမျှ ကုန်းမြင့်လယ်ယာမြေများဖော်ထုတ်၍ စိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်လာကြောင်း၊ သို့ဖြစ်၍ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ရာ၌ ငွေကြေးပစ္စည်းအထောက်အပံ့များ လိုအပ်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားကာ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် မိုင်းယွန်းမြို့တွင်ရှိ ဆန်စက်နှင့် ရေအားလျှပ်စစ်စက်ရုံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာပြီး တပ်မတော်ရဟတ်ယာဉ်များဖြင့် မိုင်းယွန်းမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀မိနစ်တွင် ဝမ်ဟုန်သို့ ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များအား တိုင်းရင်းသားခေါင်းဆောင် ဦးတာပလောင်းနှင့် အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ဆက်ဆံရေးအရာရှိ ဦးကျော်နိုင်က ဝမ်ဟုန်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားရာတွင် မိမိတို့ဒေသအနေဖြင့် ၁၉၈၉ ခုနှစ်မှ စတင်ကာ နိုင်ငံတော်အစိုးရဦးဆောင်မှုအောက်တွင် ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ကြီးမားသည့်အောင်မြင်မှုများရရှိခဲ့ကြောင်း၊ 'ဝ'ပြည်သူများသည် စစ်ဘေးဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရပြီး အစိုးရနှင့်ငြိမ်းချမ်းရေးရယူနိုင်ခဲ့ချိန်မှစ၍ ဒေသတွင်းတည်ငြိမ်အေးချမ်းလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆက်မပြတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း။

'ဝ'ဒေသ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၉၉၈ခုနှစ်မှစတင်ကာ ၃၅ ရာခိုင်နှုန်းမှ ၄၅ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း၊ တစ်နှစ်လျှင် ဘိန်းတန်ချိန်၈၀ခန့် ကျဆင်းခဲ့ကြောင်း၊ ခေတ်အဆက်ဆက် ဘိန်းစိုက်ပျိုးခဲ့သော ပြည်သူများ၏ ရေးကျသော လူနေမှုဘဝကို နယ်မြေသစ်သို့ပြောင်းရွှေ့ကာ ခေတ်မီသော လူနေမှုဘဝကို ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၁၉၉၈ခုနှစ် နှစ်ကုန်ပိုင်းတွင် မိသားစုရှစ်သောင်းကျော်ရောက်ရှိချိန်၌ စားဝတ်နေရေးအခက်အခဲများစွာ ရှိခဲ့ကြောင်း၊ မိမိတို့အဖွဲ့အစည်းမှ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ပြီး လူနေမှုဘဝမြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ၂၀၀၃ခုနှစ်တွင် ရိက္ခာဆန်တန်ချိန်၃၂၅၀၀ခန့်ထွက်ရှိခဲ့သဖြင့် ဒေသဝမ်းစာဖူလုံသည့်အပြင် တန်ချိန်၆၀၀၀ ခန့်ကို ပြင်ပသို့တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ပြောင်းထုတ်လုပ်မှုတွင်လည်း ၂၀၀၃ ခုနှစ်တွင် တန်ချိန် ၃၀၀၀ ခန့်အထိ တိုးတက်ထုတ်လုပ်ခဲ့သဖြင့် တာချီလိတ်ရှိ တိရစ္ဆာန်အစာထုတ်စက်ရုံသို့ ရောင်းချကာ ဝင်ငွေတိုးတက်ရရှိခဲ့ကြောင်း။

ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းကို တရုတ်နိုင်ငံမှ ပညာရှင်များနှင့် နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များကို ရယူဆောင်ရွက်နိုင်ခဲ့သဖြင့် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းတန်ချိန် တစ်သောင်းခန့်ကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဆန်၊ ပြောင်း၊ လိမ္မော်နှင့် နှင်းသီးတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို ဒေသအလိုက် ရေသွယ်မြောင်းများတူးဖော်၍ ဆောင်ရွက်ခဲ့ရာ မိုင်းကန်ဒေသတွင် ငါးခု၊ ရောင်ပန်းဒေသတွင် လေးခု၊ ဝမ်ဟုန် ဒေသတွင် ငါးခု၊ ဟိုပန်ဟိုရွက်ဒေသတွင် သုံးခု၊ ဟွေအောဒေသတွင် ၁၁ခုနှင့် မုံးကျွက်ဒေသတွင် နှစ်ခုတို့ကို ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ အသေးစား ရေလှောင်တမံများကို ဝမ်ဟုန်ဒေသ နမ့်ကျန်းတမံတစ်ခု၊ ယုံဆော် ရေလှောင်တမံသုံးခု၊ ဟွေအောဒေသတွင် နမ့်ဟူတမံတစ်ခုနှင့် ပါဒယ်တမံ တစ်ခုပေါင်း ခြောက်ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် ယခုအချိန်ထိ ဆောက်လုပ်ပြီးစီးခဲ့သော ကားလမ်းနှင့် တံတားငယ်များမှာ ကျိုင်းတုံ–တာချီလိတ်ကားလမ်း ၁၇၀ ကီလိုမီတာနှင့် တံတားငယ် ၇၅ စင်း၊ တာချီလိတ်–မိုင်းဆတ်ကားလမ်း ၁၂၀ကီလိုမီတာနှင့် တံတားငယ် ၁၃စင်း၊ မိုင်းဆတ်–မိုင်းပျဉ်းကားလမ်း ၆၀ကီလိုမီတာနှင့် တံတားငယ်၁၇စင်း၊ မိုင်းဆတ်–ရောင်ပန်းကားလမ်း ၉၀ကီလိုမီတာနှင့် တံတားငယ်၂၂ စင်း၊ မိုင်းဆတ်–ဘီပီ(၁)ကားလမ်း ၁၃၄ ကီလိုမီတာနှင့် တံတားငယ်၄၃စင်း၊ မိုင်းတုံ–တာဆန်းကားလမ်း ၁၀ကီလိုမီတာနှင့်ဟွေအော–မုံးကျွက်ကားလမ်း ကီလိုမီတာ၂၀နှင့် တံတားငယ် ခုနစ်စင်း ကားလမ်းအရှည်စုစုပေါင်း ကီလိုမီတာ ၆၀၄နှင့် တံတားငယ် ၁၇၇ စင်း တို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

သို့ဖြစ်၍ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းကို ခံရနေပြီဖြစ်ကြောင်း၊ဤအခြေအနေသို့ရောက်အောင် အဘက်ဘက်က ထောက်ပံ့ကူညီပေးသော နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်းစသည်ဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဝမ်ဟုန်မြို့တွင် တိုင်းရင်းသား ခေါင်းဆောင် ဦးတာပလောင်းနှင့် ဆက်ဆံရေးအရာရှိ ဦးကျော်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မူးယစ်ဗဟို)

လှည့်လည်ပြသ

ဝန်ကြီးများနှင့် သံအမတ်ကြီးများ အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဝမ်ဟုန်မှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ယောင်ခ စံပြကျေးရွာသို့ ရောက်ရှိကြသည်။ ဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များအား တိုင်းရင်းသား ခေါင်းဆောင် ဦးထင်ကြီးဝင်နှင့် ယောင်ခစံပြကျေးရွာတည်ထောင်ရေး စီမံကိန်းမှ တာဝန်ရှိသူတို့က ကြိုဆိုကြပြီးရှင်းလင်းဆောင်၌ မြန်မာ–ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ယောင်ခစံပြကျေးရွာဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ ချင်းရိုင်ရှိ ဒွိုင်တုံးစီမံကိန်းမှ မစ္စနာဝမ်က ရှင်းလင်းတင်ပြရာတွင် ဤစီမံကိန်းကို ထိုင်းအစိုးရက ဘတ်သန်း ၂၀ထောက်ပံ့ပေးပြီး စီမံကိန်းလုပ်ငန်းကို ၂၀၀၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း။

စီမံကိန်းအရ ယောင်ခစံပြကျေးရွာတွင် ကျန်းမာရေး၊ ပညာရေး၊ ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းဖောက်လုပ်ရေးစသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအတွက် ကျောင်းသား (၅၀၀) ဆံ့ ငါးခန်းတွဲကျောင်းဆောင် သုံးဆောင်နှင့် သုံးခန်းတွဲ ကျောင်းဆောင် တစ်ဆောင်မှာ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ဆရာဆရာမ ၁၀ဦး၊ကျောင်းသားကျောင်းသူ ၂၂၂ဦးဖြင့် မူလတန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံနှင့် ဆရာဝန်နေအိမ်တစ်လုံး၊ နှစ်ခန်းတွဲ သူနာပြုနေအိမ် တစ်လုံးနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတို့ကိုလည်း ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ (၁၆)ခုတင်ဆံ့ ဆေးရုံကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမ လေးဦးတို့ဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် အသေးစားတမံ ခြောက်ခု၊ ရေသွယ်မြောင်း ကီလိုမီတာ၂၀တို့ကို ကျေးရွာလူထုနှင့် ပူးပေါင်းတည်ဆောက်ခဲ့ရာ လယ်မြေဧက ၈၀၀ကျော်ကိုဖော်ထုတ်၍တစ်နှစ်ပတ်လုံး ရေပေးဝေစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် စံပြစိုက်ပျိုးရေးပညာပေးအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများ၊ နှစ်တိုနှစ်ရှည်သီးနှံများ စိုက်ပျိုးမှုများကို ပညာပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြောင်း၊ ပဲပုပ်မျိုးစေ့များနှင့် မျှစ်ချို၊ မက္ကဒေးမီးယားစသည့် ပျိုးပင်များဖြန့်ဝေစိုက်ပျိုးစေခဲ့ကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်များတူးဖော်၍ ငါးခူ၊ တီလားဗီးယားစသည့်ငါးများမွေးမြူပညာပေးခြင်း၊ ကြက်၊ ဝက်များ မွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများသို့ ဖြန့်ဝေပေးရန်စီစဉ်ထားရှိကြောင်းစသည်ဖြင့်ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ ယောင်ခကျေးရွာကို မိမိတို့အနေဖြင့် စံပြကျေးရွာအဖြစ် အောင်မြင်စွာ ထူထောင်ပေးနိုင်သကဲ့သို့ အခြား မဖွံ့ဖြိုးသေးသည့် ကျေးရွာများကိုလည်း အလားတူဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတကာ အသိုင်းအဝိုင်းက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှ

ထို့နောက် သံအမတ်ကြီးများနှင့် သံအရာရှိများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပြီး မူလတန်းကျောင်းနှင့် ဆေးရုံများသို့ လှည့်လည်ပြသသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ယောင်ခစံပြကျေးရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၄နာရီ ၁၀မိနစ်တွင် မိုင်းလားသို့ ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့်အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ တိုင်းရင်းသားခေါင်းဆောင် ဦးစံလူက ရှင်းလင်းတင်ပြရာတွင် ၁၉၈၉ ခုနှစ် ဧပြီလကစပြီး ငြိမ်းချမ်းရေး ရယူခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေအဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးခဲ့ကြောင်း၊ မိုင်းလား၊ဆီလူး၊နမ့်ပန်း နယ်မြေဒေသ သုံးခုခွဲပြီး နိုင်ငံတော်က ချမှတ်ပေးသည့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားဝတ်နေမှု ဘဝမြင့်မားရေး၊ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး ဆိုသည့် တာဝန်ကြီး သုံးရပ်ဖြင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့ ဒေသတွင် ရှမ်း၊ အခါ၊ လွယ်နှင့် အခြားလူမျိုးများ နေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ နှစ်စဉ် ချပေးသောထောက်ပံ့ငွေများဖြင့် ဆေးရုံ၊ဆေးပေးခန်း၊ စာသင်ကျောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရုပ်/သံလွှင့်ဌာနများ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ လယ်မြေသစ်ဖော်ထုတ်ခြင်း၊အသေးစားဆည်မြောင်းတာတမံ တည်ဆောက်ခြင်း၊ ပြည်သူများကိုမျိုးကောင်းမျိုးသန့်နှင့် နည်းစနစ်များ ဖြန့်ဖြူးသင်ကြားပေးခြင်း၊ စိုက်ပျိုးစရိတ် ပံ့ပိုးပေးခြင်းတို့ကြောင့် ဝမ်းစာဖူလုံမှု ရှိလာရုံမက ပိုလျှံမှုအား ထုတ်ရောင်းချနိုင်ခဲ့ကြောင်း။

မြို့ပြတည်ဆောက်ရေးစီမံကိန်းနှင့် လမ်းတံတား တည်ဆောက်ရေးတို့ကိုလည်းဆောင်ရွက်ခဲ့ကြောင်း၊ကျိုင်းတုံ-မိုင်းလား ၈၈ ကီလိုမီတာရှိ ကားလမ်းကို နိုင်လွန်ကတ္တရာ ခင်းနိုင်ခဲ့ကြောင်း၊ မြန်မာ-တရုတ် နယ်ခြားမှတ်တိုင် အမှတ် (၂၄၀)မှ မဲခေါင်မြစ် ဆွတ်လွေဆိပ်ကမ်းအထိ ကားလမ်းကိုလည်း ကတ္တရာခင်းလမ်းအဖြစ်လည်းကောင်း၊ မိုင်းလားမှ ဆီလူးအထိ ၅၄ ကီလိုမီတာ အရှည်ရှိ ကားလမ်းနှင့် မိုင်းလားမှ မဲခေါင်မြစ် ဆွတ်လွေဆိပ်ကမ်းအထိ ၂၂၃ ကီလိုမီတာ အရှည်ရှိ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း၊ တံတားကြီး အနေဖြင့် ကျောက်ခုံ တံတားနှစ်စင်း၊ သံကြိုးတံတား တစ်စင်းရှိကြောင်း။

မိုင်းလားတွင် ဟိုတယ်ကြီး/ငယ်များစွာ တည်ဆောက်ထားခဲ့သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းတို့ကို တားဆီးပိတ်ပင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူများကလည်း ဘိန်းအစားထိုး စိုက်ပျိုးရေးအဖြစ် လက်ဖက်၊ ကြက်ပေါင်စေး၊ ဖာလာစေ့၊ သရက်၊ လိမ္မော်၊ လောင်ဂန်၊ နှင်းသီးပင်များ စိုက်ပျိုးသကဲ့သို့ ကြက်၊ ဝက်၊ နွားမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေလျက်ရှိကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် မိုင်းလားမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံပြသပြီး မိုင်းလားမှ ထွက်ခွာခဲ့ရာ ကျိုင်းတုံမြို့သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ကျိုင်းတုံဟိုတယ်သစ်ခန်းမ၌ တွေ့ဆုံကြပြီး ယနေ့ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့်ပတ်သက်၍ ဝန်ကြီးများက နယ်မြေဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့်မူးယစ်ဆေးဝါး ပပျောက်ရေးတို့ကိုဒေသအလိုက်အခြေအနေများ၊ ဒေသများ၏ နောက်ခံသမိုင်းကြောင်းနှင့် ယခုလက်ရှိဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းနေမှုနှင့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊အမှတ်(၂)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်အတွင်းရှိ သွေးချင်းတို့ ဆလုံမြေမှ ဘဝအလှပုံရိပ်မျက်နှာဖုံးဖြင့် ဝံသာနု သတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၂)ကို ယနေ့ထုတ်ဝေလိုက်ကြောင်းသိရသည်။ **(ယာပုံ)**

ဝံသာနုသတင်းလွှာတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်မှ ဗုဒ္ဓတစ်ထောင် အကောက်တောင်၊ ရုပ်မြင်သံကြားဗီဒီယိုဥပဒေနှင့် မညီညွတ်သော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာခတ်ပြားများအား ငါးကြိမ်မြောက်ဖျက်ဆီး၊ နာမည်ကျော် အပူငြိမ်းဆေးဝါးအတုထုတ်လုပ်သူအားအရေးယူ၊ ပင်လယ်ထဲမျောပါလာသော ကံထူးရှင်နွားများ၊ မြောက်ဥက္ကလာပနှင့် ဝေဘာဂီမြို့သစ်များမှ အရက်အတုများစသော ပြည်တွင်းသတင်းများနှင့် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာသော တရုတ်နိုင်ငံမှ ကုန်သေတ္တာဆိပ်ကမ်းမြို့များ၊ အင်ဒိုနီးရှား၌ ဆက်ဒမ်ဟူစိန်ထောက်ခံသူများ ဆန္ဒပြ၊ စင်ကာပူပင်လယ်ကမ်းခြေမှ ဆန်းပြားသော ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းရသများအပြင် စစ်မှုထွက်ခေါင်ဘုရင့်နောင်အခန်းဆက် ရုပ်ပြဇာတ်လမ်းတို့ကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၂)၊၂၉လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က-ပ)**

စာပေဗိမာန်ပြည်သူ့လက်စွဲနှင့် သုတပဒေသာစာစောင်ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၅

အရာရာကို သိချင်၊ တတ်ချင်၊ လေ့လာချင်တတ်သည့် ကလေးတို့အတွက် ကောင်းနိုးရာရာ အကြောင်းရပ်များကို စုစည်းပြီး ပြုစုထုတ်ဝေသည့် စာပေဗိမာန်စာမူဆု ကလေးစာပေဆုရ ဒေါက်တာကိုကိုကြိုင်၏ ကလေးများအတွက် စွယ်စုံကျမ်းစာအုပ်၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရှိပြီဖြစ်သော ဆလုံလူမျိုး လူနည်းစုတို့၏ ဘဝလေ့ကို သုတေသနပြုစု၍ ပြည်သူတို့ထံ တင်ပြထားသည့် စာပေဗိမာန် စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆုရ တက္ကသိုလ်ကိုလတ်၏ ပင်လယ်ပျော် မော်ကင်းစာအုပ်နှင့် နိုင်ငံတကာစာနယ်ဇင်းများမှ ကောင်းနိုးရာရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို ဘာသာပြန်ဆိုထုတ်ဝေသည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာ စာစောင် အတွဲ (၃၁)၊ အမှတ်(၁) စာအုပ်တို့ကို ယနေ့ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန်စာအုပ် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၉)ရပ်ကွက်၊ အိမ်အမှတ်(၄၃၇) နေ
ဗိုလ်ကြီးခင်ဦး-ဒေါ်မြမြစိုး (ခိုင်ရွှေဝါအထည်ဆိုင်)တို့၏ တစ်ဦးတည်းသောသား
မောင်နေမျိုးဦး B.Sc°(Hons:) Maths:
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ ၃ လမ်း၊ အိမ်အမှတ် ၄၇၆ နေ
ဦးအောင်မောင်(မြို့နယ်စိုက်ပျိုးရေးအရာရှိ၊ငြိမ်း)-ဒေါ်စွဲ့သိန်းရင်တို့၏ သမီးငယ်၊
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၇၄ နေ
ဦးဘသန်း-ဒေါ်စွဲ့ခင်မာဝင်းတို့၏ ညီမ
မစွဲ့ဝင်းဝင်းအောင်(ခ)အငယ်
B.Sc°°(Hons:) M.Sc°°(Engineering Maths) Yr°(2)°Yu
LCCI (Level°°II, III) (DBL)

တို့၏ ၂၅-၁-၂၀၀၄ ရက်တွင် Yuzana Garden Hotel°၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဆောင်မွန်ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်နီနီ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာဦးအောင်မွန်နှင့် ဇနီး ဒေါက်တာသန်းသန်းတင်(ခ)ချယ်ရီ (ပါမောက္ခဌာနမှူး၊ သားဖွားနှင့်မီးယပ်ပညာဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဇနီး ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိုးညွန့်(ထီလာစစ်သူ၊ဒုတိယဝန်ကြီး၊ငြိမ်း၊ယဉ်ကျေးမှုဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်လှယဉ်ယဉ်စိုး၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁-၁-၂၀၀၄ရက် ဗဟိုတရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးဘသန်းနှင့် ဒေါ်စွဲ့ခင်မာဝင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးနှင့် မင်္ဂလာပန်းကြဲပေးသော တူမငယ်မေသကြိန်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော တူမငယ် သော်တာသန်း၊ သတို့သား၊ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးသော မောင်အောင်သူရနှင့် မောင်ဟိန်းသန့်စင်၊ မမေထက်ထက်အောင်နှင့် မခိုင်သဇင်ဦး၊ အခါတော်တေးသီချင်းသီဆိုပေးသော တေးသံရှင်စိမ်းမို့မို့၊ The Aces°တေးဂီတအဖွဲ့၊ စိန်လက်ဝတ်ရတနာဆင်မြန်းပေးသော ကိုဝင်းနိုင်နှင့် ဇနီး မစမ်းစမ်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော ကိုမာ၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့တို့အားလည်းကောင်း၊ ၁၃-၁-၂၀၀၄ရက် မင်္ဂလာဆွမ်းကျွေးပွဲသို့ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် Yuzana Garden Hotel°မှ မန်နေဂျာ၊ ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေမျိုးဦး-မစွဲ့ဝင်းဝင်းအောင်(ခ)အငယ်။

ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင်စည်ကားစွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ (Yangon Trade Fair 2004) ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိရန်ကုန်ကုန်သွယ်မှုဗဟိုဌာန(Yangon Trade Centre) တွင် Quartz International Co., Ltd.မှ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်း ပြည်ပမှ အလှကုန်နှင့်လူသုံးကုန် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုး၊ အိမ်သုံးကုန် ပစ္စည်းအမျိုးမျိုး၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်း အမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကို ပြပွဲလာရောက်သူများအတွက် ကံစမ်းမဲအစီအစဉ်၊ ပြခန်းအလှဆုံးပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment၏ ကုန်ပစ္စည်းဆိုင်ရာသရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

(က-ပ)

ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီတွင် အမှတ် (၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ အမျိုးသမီးအဖွဲ့ဝင်ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ပျူတာသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ကွန်ပျူတာသင်တန်းကျောင်းတွင် အခြေခံကွန်ပျူတာသင်တန်းနှင့် ကွန်ပျူတာသုံး စာရင်းကိုင်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ အနိမ့်ဆုံး အခြေခံပညာ အထက်တန်း အဆင့်ရှိသူများတက်ရောက်နိုင်သည်။ အခြေခံသင်တန်းတွင် Computer System ဖွဲ့စည်းဆောက်တည်ထားပုံများ၊ Window O/S, Word Processing, Spreadsheet, Database, Drawing, Painting, Myanmar Fontsစသည့် ကွန်ပျူတာသုံးလုပ်ငန်းများ အားလုံးအား သင်ကြားပေးလျက်ရှိသည်။ စာရင်းကိုင်သင်တန်းတွင် အခြေခံစာရင်းရေးစာရင်းကိုင်ပညာ Book-Keeping Theory၊ ကွန်ပျူတာကိုင်တွယ်အသုံးပြုနည်းများ Computer Operating နှင့် ကွန်ပျူတာဖြင့်စာရင်းကိုင်နည်း Computerised Accounting (MYOB)ပညာများအား အချိန်တိုအတွင်း လုပ်ငန်းခွင်တွင် ကွန်ပျူတာသုံးစာရင်းကိုင်တစ်ယောက်အဖြစ် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သည်အထိသင်ကြားပေးလျက်ရှိသည်။ သင်တန်းကျောင်းကို ဌာနဆိုင်ရာမှ ITနည်းပညာများ ပြန့်ပွားရေးကိုသာ အဓိကအလေးထား တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ၊ သမဝါယမဌာန ဝန်ထမ်းသားသမီးများအား အထူးလျှော့နှုန်းလျှော့ပေးမည်ဖြစ်ပြီး တန်းခွဲသစ်များကို ဇန်နဝါရီလ စတုတ္ထပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ရာ သမဝါယမကွန်ပျူတာသင်တန်းကျောင်း အမှတ် ၂၉၀/၃၀၀၊ ဆိပ်ကမ်းသာလမ်း (ဗိုလ်ချုပ်အောင်ဆန်း လမ်းထောင့်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၀၄၅၆ သို့ စုံစမ်းစာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

အီလက်ထရွန်နစ်စက်ပြင်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

Hla Thit Sar Radio(Cassette) TV, Vedio Training Centre (Established-1979) ၏ (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ် သင်ကြားမှုနှင့် သင်ယူမှုအထောက်အကူပြု ရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ ဗီဒီယို၊ ဗီစီဒီစက်မျိုးစုံ စက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ချိန် ညှိခြင်းသင်တန်းများကို စာတွေ့၊ လက်တွေ့ တစ်ဦးချင်း သင်တန်းပို့ချပေးခြင်းကို ဖွင့်လှစ်မည်ဖြစ်သည်။

စုံစမ်းနိုင်

စိတ်ဝင်စားသူများသည် လှသစ္စာရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ ဗီဒီယိုစက်ပြင် အတတ်သင်ဌာန အမှတ် ၁၈၆ လှည်းတန်းလမ်းမ ဟံသာရိပ်မွန် (၄) ရပ်ကွက် ကမာရွတ်မြို့နယ် ဖုန်း- ၅၃၇၃၅၄၊ ၅၂၇၄၆၅၊ ၅၀၀၄၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခရီးမဝေး အနီးလေးပါ မန်းစက်တော်ရာ

ပြည်ထောင်စုမြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားရာ ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်း ထင်ရှားကျော်ကြား သမိုင်းဝင်တန်ခိုးကြီး စေတီ၊ ပုထိုးများစွာ တည်ရှိနေပါသည်။

သမိုင်းဝင်ဟုဆိုရာတွင် သာသနာဝင် သမိုင်း၊ ရာဇဝင်သမိုင်းဟု နှစ်မျိုးတွေ့ရှိပေရာ သာသနာဝင်သမိုင်းမှာ သင်္ဂါယနာတင် ပိဋကတ်တော်ကျမ်းများတွင် ဖော်ပြထားသော ဘုရားများ၏ အကြောင်းအရာ၊ အတ္ထုပ္ပတ္တိဖြစ်ပြီး ရာဇဝင်သမိုင်းမှာ သင်္ဂါယနာတင် ပိဋကတ်ကျမ်းများတွင် မပါရှိဘဲ မင်းကောင်း မင်းမြတ် ကုသိုလ်ရှင်ဒါယကာတို့က ဓာတ်တော်၊ မွေတော်၊ ပိဋကတ်တော်၊ ဘုရား၏အသုံးအဆောင်၊ ပရိဘောဂတို့ကို ဌာပနာ၍ ပူဇော်ရာအဖြစ် တည်ထားကိုးကွယ်ကြသော စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဆင်းတုတော်တို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိဖြစ်ကြောင်း ပြဆိုထားသည်။

မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသမိုင်းဝင် ရှေးဟောင်းစေတီ၊ ပုထိုးများ အနက် "မန်းစက်တော်ရာ"ဟုဆိုလျှင် ရဟန်းရှင်လူ ပြည်သူအများ အသိများ ကြသည်။ မန်းစက်တော်ရာသည် သာသနာဝင်သမိုင်း၊ ရာဇဝင်သမိုင်း နှစ်မျိုးစလုံး အကျုံးဝင်သော ဗုဒ္ဓခြေတော်ရာ၊ ဗုဒ္ဓအမွေအနှစ်အဖြစ် တည်ရှိနေခြင်း ဖြစ်သည်။

"မြတ်နိုးလှစွာ၊ ခြေတော်ရာကို၊ တစ်ခါရောက်လျှင်၊ သွားချင်နေကျ၊
လွန်တောင့်တ၍၊ ဟတ္ထသွယ်ပြောင်း၊ လက်ဆယ်ချောင်းကို၊
ဦးခေါင်းထိပ်တင်၊ ကြည်လင်မြတ်နိုး ရှိခိုးပါ၏"

ဟူသော မင်းဘူးဆရာတော် ဦးဩဘာသ၏ စက်တော်ရာဘွဲ့လာအတိုင်း စက်တော်ရာကို တစ်ကြိမ်ရောက်ဖူးသူတိုင်း နှစ်စဉ်နှစ်တိုင်း ရောက်လာ ဖူးမြော် ကြည်ညိုသဒ္ဓါပွားရသည်။ စက်တော်ရာ တစ်ခေါက်ရောက်လျှင် မိခင်၏နို့တစ်လုံးဖိုးကျေသည်ဟုလည်း အဆိုရှိခဲ့သည်။

မန်းစက်တော်ရာသည် မြေလတ်ဒေသ မကွေးတိုင်း မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် အနောက်မြောက် ၃၆မိုင်အကွာ ရှေးအခေါ် နမ္မဒါမြစ်၊ ယခုအခေါ် မန်းချောင်းအနီးတွင် တည်ရှိသည်။

"ပန်းညိုပန်းဝါ၊ ပန်းပြာပန်းနီ၊ သရဖီကြက်မောက်၊ ပိတောက်မိုးစွေ၊ သင်းခွေအင်ကြင်း၊ ပန်းခပင်းတို့၊ ခက်ရင်းရှိရာ၊ လှည့်လည်ကာဖြင့်၊ တမာကြက်တော၊ ရွှေဥဩတို့၊ သောသောဝှန်ဆူ၊ အသံလှူလျက်၊ မျောက်ဖြူ မျောက်ညို၊ ထိုထိုမျောက်စပ်၊ တစ်ရပ်လွှဲကျော်၊ မျောက်တစ်ဖော်နှင့်၊ ပျော်ရွှင်မြူးကာ၊ ချေဝါသမင်၊ ကျားဆင်ဒရယ်၊ ယုန်ငယ်သတင်း၊ လေတင်ဆင်းက၊ အတင်းပြေးလာ၊ စက်တော်ရာကို လျှင်စွာတုပ်ကွ၊ ဦးနှိမ်ချလျက်"

ဟု မင်းဘူးဦးဩဘာသက စက်တော်ရာဝန်းကျင်တွင် သစ်ပင်ပန်းမန်တို့၏ ရွှန်းရွှန်းစိုစို စက်တော်ရာတစ်ခိုတွင် သာယာကြည်နူးစွာ တည်ရှိနေပုံ၊ ကျေးငှက်သာရကာတို့ကလည်း ဗုဒ္ဓခြေတော်ရာကို ရည်စူး၍ ဓမ္မတေးပေးလှူနေပုံ၊ တိရစ္ဆာန်အပေါင်းကလည်း ဗုဒ္ဓခြေတော်ရင်းမှာ ဝပ်ဆင်းခယနေပုံတို့ကို မှတ်တမ်းတင်ခဲ့ရာ ယခုထက်တိုင် မန်းစက်တော်ရာ ဝန်းကျင်တွင် တောတောင်တို့၏ သာယာကြည်နူးမှုအရသာကို ခံစားတွေ့ရှိနိုင်ပေသည်။



အထက်စက်တော်ရာကို ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ရသည်။
ဓာတ်ပုံ–အောင်မြင့်ဦး (ပြန်/ဆက်)

မန်းရွှေစက်တော်တွင် ခြေတော်ရာနှစ်ဆူ တည်ရှိသည်။ ဗုဒ္ဓဘုရားရှင်တော် ဝါတော် (၂၀)၊ သက္ကရာဇ် ၁၂၃ခုတွင် သာဝတ္ထိပြည်မှ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမသို့ ဒေသစာရီကြွရောက်ရာ ခရီးစဉ်တွင် နမ္မဒါနဂါးမင်း တောင်းပန်

ရွှေသားစစ်စစ်ဖြင့် ထုလုပ်ထားသည့် ဗုဒ္ဓ၏ ၁၀၈ကွက် စက်လက္ခဏာ ခြေတော်ရာအား ဖူးတွေ့ရစဉ်။ ဓာတ်ပုံ–ကိုထွန်း (မင်းဘူး)

သိန်းထွန်းအောင် (ပြန်/ဆက်)

လျှောက်ထားချက်အရ ရှေးအခေါ် နမ္မဒါမြစ်၊ ယခုအခေါ် မန်းချောင်းအနီး ကျောက်ဖျာထက်တွင် ခြေတော်ရာတစ်ဆူ၊ (အောက်ခြေတော်ရာ)နှင့် မန်းချောင်း အထက် သစ္စဗန္ဓတောင်ထိပ်တွင် သစ္စဗန္ဓရဟန္တာလျှောက်ထားမှုကြောင့် ဗုဒ္ဓ၏ လက်ဝဲခြေတော်ရာ တစ်ဆူ (အထက်ခြေတော်ရာ) ချထားပေးခဲ့ရာ ယခုတိုင် ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုသဒ္ဓါပွားလျက် ရှိပေသည်။

ရွှေစက်တော်ခရီးစဉ်နှင့် တပေါင်းတည်း မြေလတ်ဒေသတွင် တန်ခိုးကြီးစေတီ၊ ပုထိုးများစွာနှင့် ဒေသန္တရဗဟုသုတအဖြစ် မြေလတ်ဒေသဖွံ့ဖြိုးတိုးတက်မှုအစုစုကိုလည်း တွေ့မြင်ခံစားနိုင်ပါသည်။ မြန်မာနိုင်ငံ၏ တတိယမြို့တော် မြေလတ်ဒေသမြို့တော်မကွေးဟု ဆိုလိုက်သည်နှင့် မကွေးမြို့စွန် မြသလွန်စေတီ၊ မကွေးဖန်ခါးကို အပြေးအလွှားမြင်သိကြသည်။ ယခုအခါ နိုင်ငံတော်အစိုးရက ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ ဧရာဝတီမြစ်ကူးတံတား (မကွေး)ကို ၂၄–၁၁–၂၀၀၃ ရက်က ဖွင့်လှစ်ပေးခဲ့ရာ မြေလတ်ဒေသ နှင့် ပြည်နယ်/တိုင်းအသီးသီးက အဆိုပါ တံတားကြီးကို အသုံးပြုသွားလာလျက် ရှိကြသည်။

မကွေးမြို့တွင် ဆေးတက္ကသိုလ်ကို ၁–၁–၂၀၀၂ ခုနှစ်က စတင်ဖွင့်လှစ်၍ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ကွန်ပျူတာကောလိပ်၊ နည်းပညာကောလိပ်၊ ကျန်းမာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သမဝါယမကောလိပ်တို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မကွေးတိုင်းအတွင်း ဆည်တမံပေါင်း ၂၆ခု (တည်ဆောက်ဆဲ–၉ခု)၊ မြစ်ရေတင်လုပ်ငန်း ၄၆ခု(တည်ဆောက်ဆဲ–၁ခု) ရှိရာ အဆိုပါ ဆည်တမံ၊ မြစ်ရေတင်တို့မှ ရေပေးဝေမှုဖြင့် နိုင်ငံတော်၏ အဓိကသီးနှံ (၁၀)မျိုးစလုံးကို မကွေးဒေသမှာပင် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။

မကွေးဒေသတွင် ဧရာဝတီတံတား(မကွေး)၊ အနော်ရထာတံတား (ချောက်)၊ ဆင်ဖြူရှင်တံတား၊ မန်းချောင်းတံတား(မင်းဘူး)၊ မန်းချောင်းတံတား (စကု)၊ မုန်းချောင်းတံတား(ပွင့်ဖြူ)၊ နွယ်တမယ်တံတား (စလင်း)၊ လောင်းကပ်တံတား၊ ချီချောင်းတံတား၊ ကျောက်ဆစ်ချောင်းတံတား၊ ဂုဘိုတံတားတို့ကြောင့် မကွေး ဒေသအတွင်း ဒေသပြင်ပ သွားလာဆက်သွယ်မှု လျင်မြန်လွယ်ကူလာကာ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့် မြင့်မားရေးတို့ကို အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ ရွှေစက်တော်သွားလမ်းကြောင်းကို ပြစရာပင်မလိုတော့ဟု ထင်ပါသည်။ နိုင်ငံတော်အစိုးရက ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ပေး ထားသည့် လမ်း၊ တံတားများက အသင့်ကြိုဆိုနေကြသည်။ သွားလို့လည်း လမ်းကရောက်နိုင်ပြီဖြစ်သည်။ ရွှေစက်တော်ခရီးသည် မဝေးတော့ပါ၊ မိမိ ဒေသနှင့် အချိန်မရွေးထသွားနိုင်သည့် ဒေသအဖြစ် ရောက်ရှိနေပြီဖြစ်သည်။ ခရီးမဝေးအနီးလေးပါ မန်းစက်တော်ရာဟုပင် ဆိုရပေမည်။

တစ်ချိန်က မော်တော်ယာဉ်များ မကွေး–မင်းဘူး ဧရာဝတီမြစ်ကူးလိုလျှင် မော်တော်ယာဉ်တင် ဇက်ကလပ်ရေယာဉ်ဆိပ်တွင် အချိန်များစွာကုန်ကာ အလှည့်စောင့်ဆိုင်းခဲ့ကြရသည်။ ယခု ဧရာဝတီတံတား(မကွေး)ကို အချိန်မရွေး ညဉ့်နက်သန်းခေါင် လွယ်လင့်တကူ ဖြတ်သန်းသွားလာနေပြီဖြစ်၍ မန်းရွှေစက်တော်ကို ခရီးတို၊ အချိန်တိုအတွင်း ရောက်ရှိနိုင်ကြပြီဖြစ်သည်။

ယခုနှစ် ရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်မြင့် (ခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းဘူး)အမှူးပြုသော ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဆိုင်ရာ စီမံခန့်ခွဲမှု၊ ဗုဒ္ဓ ဓမ္မဝေယျာဝစ္စများကို အစဉ်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်ချမ်းမြေ့ကြည်နူးစွာ ဖူးမြော်နိုင်ရေး၊ တည်းခိုနိုင်ရေး၊ ရွှေဆိုင်းများကပ်လှူနိုင်ရေးအပြင် ယခုနှစ်တွင် အောက်ခြေတော်ရာ တန်ဆောင်းပြာသာဒ်ဘုံဆင့်ကြီးကို မြန်မာမှု အနုလက်ရာများဖြင့် ထည်ထည်ဝါဝါ ပူဇော်နိုင်ရေး ပြုပြင်မွမ်းမံလျက်ရှိရာ ကုသိုလ်တော် ထူးပါဝင်လှူဒါန်းနိုင်မှု အခွင့်အလမ်းကောင်းများ ရရှိပူဇော်နိုင်တော့မည် ဖြစ်သည်။

ယခုနှစ် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် စက်တော်ရာတည်ရှိရာ မန်းချောင်းသဲသောင်ပြင်တွင် အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်ဟုသိရသည်။ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ရက်မှစ၍ မြန်မာနှစ်ဆန်း ၁ ရက် အထိ ကျင်းပမည်ဖြစ်ပါကြောင်း အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူး ရဟန်းရှင်လူ မိတ်အပေါင်းကို ဖိတ်မန္တက ပြုလိုက်ရပါသည်။ ။

ပင်လောင်းမြို့နယ်ချယ်ရီကျောက်ချောလမ်းဖွင့်

ပင်လောင်း ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပင်လောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ချယ်ရီ ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပင်လောင်းတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ထင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးထွန်းမင်း၊ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။

ချယ်ရီကျောက်ချောလမ်းမှာ စည်ပင်ထည့်ဝင်ငွေကျပ် ၆၂၄၀၀၀၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၁၅၀၀၀၀၊ စုစုပေါင်း ကျပ် ၇၇၄၀၀၀ ဖြင့် အရှည်ပေ ၇၅၀နှင့် ကျောက်ရိုးစီတံတားတစ်စင်းတို့ကို ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ် ချောင်းကြီးနယ်မြေ ကျောင်းမိသားစု စုံညီပွဲတော် ထူးချွန်ဆုပေးပွဲကို ချောင်းကြီးကျေးရွာတွဲဖက် အထကတွင် ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းက ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများ ပေးအပ်စဉ်။ (၀၉၈)

ပညာရေးစုံညီပွဲတော်နှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရေစကြို ဇန်နဝါရီ ၁၅

မကွေးတိုင်း ရေစကြိုမြို့နယ် ကြက်ဆူးကျင်းဘက်စုံဖွံ့ဖြိုးရေးဒေသ အထက(ကျောင်းခွဲ) ပဥ္စမအကြိမ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည် ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်နံနက်က ကျန်စစ်သား ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ရေစကြိုမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ မြို့နယ်ပညာရေးမှူးဒေါ်ခင်အေးဆွေနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး အခမ်းအနားတွင် တိုင်းတတိယဆုရ မောင်ဟန်ဆွေနှင့် ဆုရကျောင်းသူကျောင်းသားများအား မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်စိုး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်တင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ **(က–ပ)**

မူဆယ်မြို့နယ် နွေစပါးစံပြစိုက်ဧက ပျိုးကြဲပွဲတော်ကျင်းပ

မူဆယ် ဇန်နဝါရီ ၅

မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာအုပ်စု ပန်ခမ်းကျေးရွာ၌ အထွက်တိုးနွေစပါး စံပြ ဧက ၅၀ ပျိုးကြဲပွဲတော်အခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက်က ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဒေသခံအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တောင်သူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုစုပေါင်း ၃၈၀ တက်ရောက်ကြသည်။

ဆက်လက်၍ မူဆယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်က မြို့နယ်အတွင်း နွေစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးခင်မောင်သန်းက မြို့မဇုန်အတွင်း ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြွရောက်လာကြသော ဧည့်သည်တော်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက နွေစပါး ပျိုးကြဲပွဲတော်အား ပါဝင်အားပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဒီဇင်ဘာ ၂၀ ရက်က တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်ဦးတို့က မေယုကျောက်ခင်းလမ်း ကျောက်ခင်းနေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(က-ပ)

ဇန်နဝါရီ ၁ရက်ကပုသိမ်မြို့ ဧရာဝတီတိုင်းယဉ်ကျေးမှုဗိမာန် ဦးစီးဌာနတွင်ပုသိမ်မြို့ မရမ်းချို ကျောင်း ကြီး တိုက် ဆရာတော် ဘဒ္ဒန္တ သောဘိတက ယဉ် ကျေး မှု ပြတိုက်သို့ ရှေးဟောင်းပန်းလက်ရာပစ္စည်း ၅၉ ခု လှူဒါန်းရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်စဉ်။

(က-ပ)

ဆင္ဒမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူ

နွားထိုးကြီး ဒီဇင်ဘာ ၃၁

နွားထိုးကြီးမြို့ သင်းတယားကျေးရွာအုပ်စု ထန်းတောမကျေးရွာ သင်းတယားကွင်းရှိ လောကမာန်အောင်ဘုရား၏ ဆင္ဒမအကြိမ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ဘုရားရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် မကွေးမြို့နေ ဦးကျော်တင့်-ဒေါက်တာဒေါ်ကြင်စန်းမိသားစုက ဆရာတော်သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ ထို့နောက် ထန်းတောမကျေးရွာ ဇေယျာသိဒ္ဓိကျောင်းဆရာတော် အရှင်ဝိမလစာရထံမှ ရေစက်ချတရားနာယူကြကြောင်းသိရသည်။

(၂၁၃)

အရာတော်မြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

အရာတော် ဇန်နဝါရီ ၁၀

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကိုင်းရွာကျေးရွာအုပ်စု ကိုင်းရွာ၌ ဇန်နဝါရီ၆ ရက်က ဒေသန္တရ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။ ရှေးဦးစွာ ဒေသန္တရ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို မြို့နယ်အဖွဲ့ဝင် (၁) ဒုရဲမှူးလှမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးဖိုးဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် စာအုပ်အလှူရှင် ငါးဦးတို့က ကျေးရွာဥက္ကဋ္ဌထံ စာအုပ်များလှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်သတင်းများ

မြောင်းမြတွင် ကုန်စည်ပြပွဲကျင်းပ

မြောင်းမြ ဇန်နဝါရီ ၃

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြို့မအားကစားကွင်းတွင် Ve Ve Super-C က ကူညီပံ့ပိုးထားပြီး Horizonမှ အုပ်ချုပ်သူ ဒါရိုက်တာ ဦးကျော်ကျော်၊ ဦးဆောင်ဒါရိုက်တာဦးပေါက်တို့ ကြီးမှူးကျင်းပသော ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက်ကကျင်းပရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဈေးပွဲတော်သို့ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြည်ထွဋ်ဝင်းနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ရောင်းချသည့်ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။ **(၃၈၈)**

ဒီဇင်ဘာ ၂၂ ရက်က ကဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းက သုံးနှစ်ဆက်တိုက် ပထမဆုရ နဝမတန်းမှ မသဥ္ဇာလင်းအား ဆုချီးမြှင့်စဉ်။

(က-ပ)

မအူပင်မြို့နယ် ထရော်ဝကျေးရွာ ကိုယ့်အားကိုယ်ကိုး ဘိုးရာဇာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်က ထရော်ဝကျေးရွာ စာကြည့်တိုက်တွင် ကျင်းပရာ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်၊ ထရော်ဝကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်နှင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်စိုးတို့က ဘိုးရာဇာစာကြည့်တိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ **(၄၂၁)**

ဆောင်းသီးနှံစိုက်ပျိုးရန်မြေပြုပြင်

ကျောက်ဖြူ ဒီဇင်ဘာ ၂၀

ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်၊ ရမ်းဗြဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကုန်ဘောင်(၁) စံပြကျေးရွာ၌ ဆောင်းသီးနှံနှင့် စားဖိုချောင် သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ဒီဇင်ဘာ ၁၁ ရက်က လယ် ထွန်စက်ဖြင့် ထွန်ယက်နေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(က-ပ)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးအသိပေး

သံဖြူဇရပ် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏အစီအစဉ်ဖြင့် မွန်ပြည်နယ် ကျန်းမာရေးမှူးအသင်းက ဦးဆောင်၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း စီမံချက်အား အသိပေးတင်ပြခြင်း အခမ်းအနားကို သံဖြူဇရပ်မြို့ စုပေါင်းရုံးအစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၂ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်ပြည့်မိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဗဟိုကော်မတီဝင် ဦးချစ်ကိုတို့က စီမံချက်ပါ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးပညာပေးသင်တန်းနှင့် စီမံချက်လုပ်ငန်းများကို သံဖြူဇရပ်မြို့နယ်အတွင်း ကျိုက္ခမီ၊ မြို့မ၊ ကျုံကဒက်ကျေးရွာ၊ ကရုပ္ပိကျေးရွာတို့တွင် တစ်ရွာလျှင် သင်တန်း သား ၃၀ စီဖြင့် သင်တန်းသား ၉၀ အား လေ့ကျင့်သင်တန်းပေးပြီး ၂၀၀၄ ခုနှစ် ဧပြီလကုန်အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)



ကျေးဇူးဆပ်ပါမည်

ကိုမျိုးသန့် ၁၂/ဒလန(နိုင်)၀၂၀၆၀၂ C.D.C No.37384 ၏ ကိုင်ဆောင်ထားသော (Watchkeeping) No. CF-2179 ပျောက်ဆုံးနေပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါ။
ဖုန်း–၂၆၉၂၄၀



မဟာဓမ္မသုခ သာသနဒ္ဓဇမိမာန် ကျောင်းအစ်မကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စောကြူ (ပျဉ်းမနား)၏ (၅၇)နှစ်ပြည့်

မွေးနေ့မင်္ဂလာ ဆုတောင်း

ကျေးဇူးရှင် မိခင်ကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စောကြူ၏ ၂၄–၁–၂၀၀၅ရက်တွင် ကျရောက်သော (၅၇)နှစ်ပြည့် မွေးနေ့မှသည် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သာယာစွာ အသက် ၁၂၀တိုင်အောင် တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ခင်ပွန်း – **ဦးနေဝင်း**
ချစ်သမီးကြီး – **ဒေါ်ပုံ့ပုံ့** (M.D, Ngwe Yin Yin Co., Ltd.)
ချစ်သားကြီး – **ဦးနန္ဒထင်ကျော်** – **ဒေါ်ခင်သူသူလင်း** (Director, Ngwe Yin Yin Co.,Ltd.) အင်းလျားလမ်းမိသားစု
ချစ်သားငယ် – **ဦးနန္ဒနေဝင်း**
ချစ်မြေးများ – **မသင်းသင်းကြိုင်၊ မသင်းသင်းအေး** (စိန်ညီအစ်ကို မိသားစု)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက် (၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ပုဂ္ဂလိကဝင်ငွေ၊အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံ ရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများအမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာ များကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့်၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါလုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ် (၃/၂၀၀၄)

လေယာဉ်မောင်၊ လေယာဉ်မယ် လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူး လျှောက်ထားသူများအနက် ပဏာမလူတွေ့စစ်ဆေးမှု အောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈–၁–၂၀၀၄ ရက် ၀၈:၀၀ နာရီမှ စတင်စစ်ဆေးမည့် အစား ၂၉–၁–၂၀၀၄ ရက် ၀၈:၀၀ နာရီအချိန်မှ စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း။



ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ဖလမ်းခရိုင်တရားရုံး
၂၀၀၁ ခုနှစ် တရားမဇာရီမှု အမှတ် ၁၉

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးဂင့်ဒါလ်
တီးတိန်မြို့ ၂။ ဒေါ်နိမ်ဇဟောက်
မြို့မရပ်ကွက်၊ တီးတိန်မြို့
ဒီကရီရရှိသူ **တရားရုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့ မြို့မရပ်ကွက် မြေကွက်အမှတ် ၃၈၊ ဦးပိုင်အမှတ် ၂၇၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အားလုံး၊ လုပ်ငန်းပိုင် ကုန်ပစ္စည်း အားလုံး၊ လေလံကြမ်းခင်းဈေး ကျပ် ၁၄၀၀၀၀၀ (ကျပ်တစ်သန်းလေးသိန်းတိတိ)

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသူ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရွှေဝင်း
ဒုတိယခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး
ဖလမ်းမြို့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနား များတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂**

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးမဂျဲနစ် KMDE–၀၀၃၀၄၄ သည် မိဘနှင့် မောင်နှမများအပေါ်တွင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ပြီး နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။
ဒေါ်ကျင်ရီ (ISN-၀၄၂၆၃၄)၊ တပ်ကြီးကုန်း၊ မှော်ဘီ

ကားငှားမည်

ခရီးစဉ် မျိုးစုံအတွက် (Aircon' Mini Bus)နှင့်(Saloon)မျိုးစုံ နှစ်ချုပ်၊ လချုပ် ငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါရန်။ **ဖုန်း– ၅၂၄၆၈၆**

ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်တိုင်း သုံးခွမြို့နယ် အထက (၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပုလဲရတနာခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်သန်းက တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်သန်းထွဋ်ဝင်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ စစ်ဆေးရေးညွှန်ကြားရေးမှူး ဦးကျော်စန်းသည် ဒီဇင်ဘာ ၁၆ ရက်က ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိ၍ အဖွဲ့က ဆောင်ရွက်လျက်ရှိသော သုံးခွကျွန်းပတ်တာဘောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (က–ပ)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အသုံးမလိုပိုလျှံနေသော အောက်ပါစက်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၁။ မော်တော်ယာဉ် (One Lot)

မာဇဒါဘီ–၆၀၀၊ မော်တော်ယာဉ်(ပစ်ကပ်) ၁ စီး

၂။ ရုံးသုံးစက်ကိရိယာများ (One Lot)

(က) ကွန်ပျူတာ ၁ လုံး
(ခ) လေအေးပေးစက် ၄ လုံး
(ဂ) စာကူးစက် ၁ လုံး
(ဃ) လက်နှိပ်စက် ၆ လုံး

တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃–၂–၂၀၀၄ (တနင်္လာနေ့) ၁၆:၃၀ နာရီ
တင်ဒါဖွင့်ရက်နှင့်အချိန် – ၂၄–၂–၂၀၀၄ (အင်္ဂါနေ့) ၁၀:၃၀ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ – ၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်

တင်ဒါတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းပုံစံများ ဝယ်ယူခြင်းနှင့် ပစ္စည်းကြည့်ရှုခွင့်လက်မှတ် ထုတ်ယူခြင်းတို့ကို ၆–၂–၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း အထက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

စက်ပစ္စည်းအဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ဖုန်း–၃၇၂၀၀၉

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးတင့်ဝေ ၁၃/လလန (နိုင်) ဝဝ၅ဝ၄၄ နှင့် ဒေါ်ခင်သွဲ့ဖြူ(ခ)ဒေါ်ချစ် ၁၃/လလန (နိုင်) ဝဝ၅ဝ၄၅ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ၁၉–၁–၂၀၀၄ ရက်တွင် စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ရသင့်ရထိုက်သည့်အခွင့်အရေးများကို ခွဲဝေပေးပြီးဖြစ်ရာ ဒေါ်ခင်သွဲ့ဖြူသည် အမှတ် (၁၁) အပေါ်ထပ်၊အလယ်ခန်း၊ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်တိုက်ခန်းနှင့် လုံးဝမသက်ဆိုင်တော့သည့်အပြင် မည်သည့်ပစ္စည်းနှင့် ငွေကြေးအခွင့်အရေးမျှ တောင်းဆိုခွင့်မရှိတော့ပါကြောင်းနှင့် ၎င်းနှင့်စပ်လျဉ်းသည့်ကိစ္စမှန်သမျှ ကျွန်တော်နှင့် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း။

ဦးတင့်ဝေ

နယ်အရောင်းကိုယ်စားလှယ်လိုသူများ ဖိတ်ခေါ်ခြင်း

ကြေညာချက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅
နည်းဥပဒေ ၂၀(၁)
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၉၇၂

အာရှဓနဘဏ်လီမိတက် **နှင့်** ၁။ ဦးကြည်ညွှန့် ၂။ ဒေါ်ဝင်းကြိုင်
တရားလို **တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်ဦးကြည်ညွှန့် (ယခင်လိပ်စာ အခန်း–၁၀၃၊ တိုက်၆၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်) ယခုနေရပ်လိပ်စာမသိသူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေကျပ် ၆၈၀၉၉၀၁ ဒသမ ၄၉ နှင့် ကုန်သွယ်မှု Bill of Exchange ကိုအပေါင်ပြု၍ ချေးယူထားငွေ ၂၆၀၅၀၅၆၁ ဒသမ ၆၄ ချေးငွေစုစုပေါင်းကျပ် ၃၂၈၆၀၄၆၃ ဒသမ ၁၃ ပြန်လည်ပေးစပ်စေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သော အချက်အလက်များကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သောအချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (၁၃၆၅ ခု တပို့တွဲလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်နှုတ်၍ တစ်ဖက်သတ်စစ်ဆေး စီရင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဟန်ဇာထွန်း
တွဲဖက်တိုင်းတရားသူကြီး(၃)
ရန်ကုန်တိုင်းတရားရုံး

(၄၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဦးခင်မောင်သိန်းနှင့် မေမေဒေါ်စုစုသိန်းတို့၏ ၂၆–၁–၂၀၀၄ရက်တွင် ကျရောက်သော မင်္ဂလာနေ့မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် အဖေ၊ အမေတို့ကို ချစ်သော သား၊သမီး၊မြေးများနှင့်အတူ ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေ။

ကိုကြီး–မီးမီး၊ ကိုတီး–မီးမီး
ကိုမိုး–လက်တိုဂျင်၊ထွန်းထွန်း–မကြီး
စိုးမင်းအောင်–မွေး၊ချိုနိုင်နှင့်
ချစ်သောမြေးများ

SOFT GUIDE

- Microsoft Office XP
- D.T.P Course
- Computerized Accounting (ACCPAC)
- Special Course for Kid's
- Turbo C++
- Visual Basic
- Graphic Design

တကယ်တတ်စေရန်တစ်ဦးချင်း သင်ပေးသည်။

☎ 226825, 226873
☎ 229077
☎ 229558
☎ 637389
☎ 053-24269
☎ 043-23534
☎ 062-23356

အများသိစေရန်ကြေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများပိတ်ရက်တိုးမြှင့်ခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ထားရှိပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	လေအေးပေးစက်စနစ်သုံးပစ္စည်းများ (Air- Conditioning and Ventilation Equipment)	3 Lots
၂	တံခါးမှန်၊ ရောင်ပြန်မှန်၊ မှန်ကြည်နှင့် အလူမီနီယမ်ပြား (4'x4' Aluminium Cladding)	၄ မျိုး
၃	ရေနှင့် သန့်ရှင်းမှုဆိုင်ရာ သန့်စင်ခန်းသုံးပစ္စည်းများ	၅ မျိုး

အထက်ဖော်ပြပါ ပစ္စည်းများပေးသွင်းရန် ဈေးနှုန်းလွှာနောက်ဆုံးတင်သွင်းရမည့် ပိတ်ရက်ကို မူလ ၂၁–၁–၂၀၀၄ ရက် ၁၆နာရီအစား ၃၀–၁–၂၀၀၄ ရက် ၁၆ နာရီသို့ ရက်တိုးမြှင့် ပြင်ဆင်သတ်မှတ်ထားပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက တယ်လီဖုန်း–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ (ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့)

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတော်၌
၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်–၂၁နှင့် ဆက်သွယ်သည့်
၂၀၀၃ ခုနှစ် တရားမဇာရီမှုအမှတ် ၂၂

မစဘ(ရုံးချုပ်) **နှင့်** ၁။ ဦးသက်လှိုင်
စက်မှုလက်မှုငွေချေးဌာန ၂။ ဒေါ်စိန်စိန်ကြူ
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးသက်လှိုင်ပါ–၂၊ အမှတ် (၁၀၁) ကျွန်းတောရပ်ကွက်၊ ၆ လမ်း၊ တွံတေးမြို့ သိစေရမည်။ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်–၂၁တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြန်၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၆ရက် (၁၃၆၅ခုနှစ်၊ တပို့တွဲလဆုတ် ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

တပ်ကြပ်ကြီးသက်ထွန်း

(ရုံးအုပ်၊ ငြိမ်း)
ကျောက်ဖြူ
အသက်(၆၆)နှစ်

ကျောက်ဖြူမြို့နေ (ဦးရွှေသာထွန်း–ဒေါ်အောင်ပု) တို့၏ သားထွေး၊ မြန်အောင်မြို့နေ (ဦးအောင်ရွှေဦး)–ဒေါ်စံပါယ်ဖြူတို့၏ညီ၊ ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်နေ ဒေါ်ကြည်ပု–ဦးကျော်ဇံ(စာရေးကြီး–ငြိမ်း၊ ကျန်းမာရေး) တို့၏ မောင်၊ ဦးသာတင် (ငါးဦးစီး)၊ ဒေါ်သန်းတင် (ကျောင်းကျန်းမာ)၊ ဒေါ်စံမြင့်(ငါးဦးစီး)–ဦးစိုးနိုင်(ခရိုင်မှူး–ငါးဦးစီး)တို့၏ဦးလေး၊ မောင်ထက်မြတ်အောင် (အလက–၂)၏ အဘိုးလေး၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ ဒေါ်မြတ်လှ၏ခင်ပွန်း ဦးသက်ထွန်းသည် ၂၁–၁–၂၀၀၄ ရက်တွင် ကွယ်လွန်ပြီး ၂၃–၁–၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

တရားမအထွေထွေလျှောက်လွှာအမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူများထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေ၊ အမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့် ပုဒ်မ ၁၁၅)

တရားရုံးချုပ်၊ ရန်ကုန်မြို့

၂၀၀၃ခုနှစ် တရားမအထွေထွေလျှောက်လွှာမှုအမှတ်-၄၅

ဒေါ်ခင်ခင်စိုး ဦးဌေးလှိုင်ပါ-၄

(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးသိုက်ထွန်း)နှင့်

(လျှောက်ထားသူ) (လျှောက်ထားခံရသူများ)

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့စွဲပါ တရားရုံးများ မထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ(၃) အရ လျှောက်ထားသည်။ လျှောက်လွှာနှင့်ပတ်သက်၍ ၂။ ဦးသန်းမြင့်(စဉ်-၃၉၄၆)၊ ၄။ဦးအေးဆွေ (စဉ်-၂၅၅၅) (တရားရုံးချုပ်ရှေ့နေများ)၊အမှတ်-၆၀/ပထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့(ယခင် လိပ်စာ၊ ယခု နေရပ် လိပ်စာမသိ) လျှောက်ထားခံရသူများ သိစေရမည်။

ဤအမှုတွင် တရားရုံး၏လျှောက်လွှာတစ်စောင်ကို လျှောက်ထားသူကိုယ်တိုင်ကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုလျှောက်လွှာကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ် ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-

ဒေါ်စုငယ်

လက်ထောက်ညွှန်ကြားရေးမှူး

တရားမဌာနခွဲ-၃၊ ဌာနစု-၄၊

တရားရုံးချုပ်၊ ရန်ကုန်မြို့။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေး ထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြို့မဲ့ကြေးနန်းနှင့်

ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ

ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဒေါ်လှခင် (ဝါးခယ်မ)

အလပြ(ငြိမ်း)အထက(၁)ဒဂုံ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် ၈၊ အခန်း ၁၆ နေ (ဦးအုန်းပွင့်-ဒေါ်ရင်)တို့၏သမီး၊ (သခင်သန်း၊ ပါလီမန်အတွင်းဝန်)၏ဇနီး၊ (ဦးရဲထွဋ်)-ဒေါ်ချိုချိုအောင်(နနလဆေးရုံ)၊ ဦးအောင်မိုး(ဆသရကွန်ပျူတာ)-ဒေါ်ခါတုကလျာ(ရန်ကုန်သမဒိဂရီကောလိပ်)၊ ဗိုလ်မှူးကျော်သူ(ငြိမ်း)-ဒေါ်နုနုရွှေ(အထက-၁၊ဒဂုံ)၊ ဦးဇော်လွှန်း-ဒေါ်ကုဏ္ဍလကေသီ(ဆသရငွေစာရင်း)တို့၏မိခင်သည် ၂၅-၁-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှခင် (ဝါးခယ်မ)

အလပြ(ငြိမ်း)အထက(၁)ဒဂုံ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် ၈၊ အခန်း ၁၆ နေ (သခင်သန်း၊ ပါလီမန်အတွင်းဝန်)၏ဇနီး၊ ဦးအေးမြင့်အောင်-ဒေါ်ရွှေမွှေး၊ (ဦးဌေးမြင့်အောင်)၊ ဦးအောင်မြင့်သန်း-ဒေါ်စန်းရီ၊ ဦးကျော်မြင့်သန်း-(ဒေါ်အေး)၊ ဦးမင်းထင်ကျော်ခေါင်-ဒေါ်တင်မာဆွေ၊ (ဦးသီဟကျော်စွာ)၊ ဦးထွန်းမြင့်ဦး-ဒေါ်ယဉ်မျိုးမြတ်၊ ကိုမိုးကျော်သူဝင်း-မသီရိမိုး၊ ဒေါက်တာကေခိုင်သူ၊ ကိုအောင်ရဲသူ၊ ကိုစိန္တာညီထွေး၊ ကိုမင်းသွေး၊ သိမ့်၊ စိမ့်တို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁-၂၀၀၄ရက် နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၇-၁-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးမြစ်တစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးE.D ကာစတိုး

ထောင်ပိုင်အဆင့်(၁)၊ငြိမ်း

တောင်ငူ

အသက်(၈၇)နှစ်

တောင်ငူမြို့၊ ရပ်ကွက်(၇)၊အမှတ် ၇၈၊ ထောင်လမ်းနေ(ဒေါ်မေဘယ်လ်)၏ခင်ပွန်း၊ ကိုသန်းဝင်း-မဘာဘရာခင်ဖြူတို့၏ ဖခင်၊ မဇာဖြူဝင်း၏အဘိုးသည် ၂၀-၁-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁-၂၀၀၄ ရက်တွင် တောင်ငူမြို့ အနောက်ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်အမာ(ခ)ဂျမီလာဘာနူး

အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်(တောင်ပိုင်း)၊ အောင်သစ္စာ၇လမ်း၊ အမှတ် ၇၀၃နေ(ဦးသောင်းတင်)(မမကျန်းမာရေးအုပ်ကြီး၊ ငြိမ်း)၏ဇနီး၊ (ဦးသန်းထွန်း)၊ ဒေါ်ခင်မျိုးမြင့်(ဦးသန်း)၊ ဦးတင်အောင်(ကန်တော်ကလေးအရှေ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)၊ (ဒေါ်ခင်ကြည်)၊ ဦးတင်ဝင်း-ဒေါ်ကျော့၊ ဦးအုန်းခိုင်(BSS Ltd)-ဒေါ်လှလှဦး(မမဆေးဌာန)၊ဦးတင်ထွဋ်(မမ ကျန်းမာရေးမှူး၊အင်းစိန်)-ဒေါ်ခင်စန်းရီ၊ ဦးအုန်းသောင်း-ဒေါ်ခင်မာ၊ ဦးကျော်မြင့် [(ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တောင်ညွန့်ရထား)မန်နေဂျာ(စီးပွားရေး၊ တိုင်း)တိုင်း(၇)ရုံး]-ဒေါ်ယဉ်မြ၊ ဦးမြင့်သောင်း-ဒေါ်လှလှဝင်း၊ ဦးမင်းသောင်း၊ ဦးစိုးငွေ(မမ တိုင်း ကြေး/ချက်အလုပ်ရုံ)-ဒေါ်အေးအေးမော်၊ ဦးကြည်ဝင်း-ဒေါ်မိမိလေးတို့၏မိခင်၊မြေး ၂၅ယောက်၊ မြစ် ၁၄ယောက်တို့၏အဘွားသည် ၂၃-၁-၂၀၀၄ ရက် ည ၁၁ နာရီတွင် အလ္လာရှင်မြတ်၏အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၁-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ဇဟိုရ်အပြီး ရေဝေးက ဘရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဇိုင်နက်ဘီ(ခ)

ဒေါက်တာခင်ခင်လတ်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းနေ (သီရိပျံချီ ဦးဘသိန်း-ဒေါ်မမလေး)၊(ဒေါ်မမကြီး)တို့၏သမီး၊ ဒေါ်ခင်ခင်ကြီး၏ညီမ၊ ဒေါက်တာခင်ခင်လေး၊ ဦးဘေးသန်းတို့၏အစ်မ၊ တူတူမခြောက်ယောက်တို့၏ အဒေါ်သည် ၂၂-၁-၂၀၀၄ ရက် ညနေ ၆း၂၇ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၃-၁-၂၀၀၄ ရက် ဂျွန်မာနမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကြည်

(ပုသိမ်)

သဃ်န်းကျွန်း

မိကျောင်းကန်အပိုင်း(၃)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၆)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ် ၁၂၆နေ ဒေါ်လှပု၏ခင်ပွန်း၊ ဦးအေးကြူ-ဒေါ်ကြူကြူမာ၊ ဦးအေးမြင့်(ရေခဲစက်အအေးခန်းတည်ဆောက်ရေးစက်မှုဇုန်-၃၊ ဒဂုံ)-ဒေါ်တင်တင်အေး၊ ကိုတင်ထွန်း-မတင်တင်လှ-မစန်းစန်းရီ၊ ဦးလှထွန်း-မအေးရီ၊ မခင်စန်းရီ၊ မောင်စိန်အေးတို့၏ဖခင်၊ မောင်ကျော်ကျော်-မထက်ထက်ခိုင်တို့၏ ဦးလေးဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၄-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး

ဒေါ်တင့်တင့်ထွန်း

(B.A, Diped)

[အထပြ(ငြိမ်း)၊မုံရွာ]

အသက်(၆၃)နှစ်

ရေဦးမြို့နေ (ဦးဘိုထွန်း-ဒေါ်စောတင်)တို့၏သမီးထွေး၊ မုံရွာမြို့နေ ဦးသာငွေး(အငြိမ်းစားကျောင်းဆရာကြီး)၏ဇနီး၊ ကုန်သည်ဦးစိုးသန်း-ဒေါ်လွင်လွင်ငွေး(မုံရွာမြို့)၊ ဗိုလ်မှူးကျော်စိုး-ဒေါ်စိုးစိုးငွေး(အင်းတိုင်)၊ ဗိုလ်မှူးခင်မောင်လတ်-ဒေါ်ကေခိုင်ငွေး(မြိတ်)တို့၏မိခင်ကြီး၊ မောင်ငြိမ်းချမ်းစိုး၊ မမေစပယ်စိုး၊ မအေးသပြေလတ်၊ မသဇင်စိုး၊ မဇွန်မာလာလတ်၊မောင်အာကာကျော်စိုးတို့၏အဘွားသည် ၂၃-၁-၂၀၀၄ရက် ည ၉နာရီတွင် လှည်းကူးမြို့နယ် အင်းတိုင်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် မင်းလွင်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုင်းရေအိုးစင်ကွက်သစ်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၉ နေ (ဦးယုံ)-ဒေါ်တင်ကြည်တို့၏သမီး၊ (ဦးမြဟန်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ဦးကျင်သောင်း(ကပရ၊အဝေးပြေး)၏ ဇနီး၊ ဦးမြင့်အေး-ဒေါ်ကြည်ကြည်ညွှန့်၊ ဦးလှခိုင်-ဒေါ်ခင်ဝင်းတို့၏ညီမ၊ ဦးညွှန့်ရှိန်-ဒေါ်သိန်းညွှန့်၊ ဦးသန်းဝင်း-ဒေါ်ညိုသဲလှိုင်တို့၏အစ်မ၊ မောင်တင်မောင်ဝင်း-မသီတာအေး၊ မနီလာအေးတို့၏ မိခင်သည် ၂၄-၁-၂၀၀၄ ရက် (စနေနေ့) ည ၇း၃၀ နာရီတွင် ၁၀၀ သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ဝင်း(ခ)ချီချက်မိန်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်း လမ်း၊ အမှတ်၉၇/A၊ တတိယလွှာနေ (ဦးနီရုံ-ဒေါ်ယဉ်မြိုင်)တို့၏သား၊ ဒေါ်ကျင်(ခ)ချင်ငုတ်ကျင်၏ ခင်ပွန်း၊ ကိုမျိုးအောင်-မစန်းမြင့်၊ မစန်းအေး၊ (မစန်းရီ)၊ ကိုမြင့်သန်း-မစန်းကြည်၊ မောင်တိုးမောင်၊ မစန်းဝင်း၊ မောင်တိုးအောင်တို့၏ ဖခင်၊ မအိဟန်နီမျိုး(အထက-၁၊ဒဂုံ)၊ မမြတ်မိုမိုအောင်(အထက-၁၊ဒဂုံ)၊ မယဉ်မျိုးမျိုးနိုင်(အလက-၁၊ဒဂုံ)၊ မောင်ဇော်ဇော်အောင်၊ မိုက်လီယွမ်တို့၏အဘိုးသည် ၂၂-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးကောင်းတုံ တရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ရီ(ခ)ဒေါ်မျိုးရီ

(ဟသ်ာတ)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် ၉၄၊ ၉၆ နေ (ဦးဖိုးသန့်-ဒေါ်မြ)ဟသ်ာတတို့၏ သမီး၊ ဦးမြင့်သူ-ဒေါ်ဝါတင်၊ဦးလှမိုး၊ဒေါ်သန်းသန်းအေး-ဦးလှမင်း၊ ဒေါ်ခင်မေဦး၊ ဦးဝင်းမြင့်-ဒေါ်ဝင်းကြည်၊ ဒေါ်ခင်နှင်းအေး-ဦးလှမြင့်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ အမှတ် ၈၊ ဦးထွန်းမြတ်လမ်းနေ ဦးကံထွန်းကြည်-ဒေါ်ယဉ်မျိုးစု၊ မကြည်ဇာဝင့်၊ မောင်အောင်ဦးကြည်တို့၏ မွေးစားမိခင်ကြီး၊ ကိုရဲမြင့်သူ၊ မမွန်မွန်မြင့်သူ၊ မောင်ကျော်သူအောင်၊ မအေးစုမွန်တို့၏ အဘွားသည် ၂၅-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဦးထွန်းမြတ်လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်း

ကုန်သွယ်/လယ်ယာ(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် (က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၆နေ (ဦးဖိုးလုံး-ဒေါ်ရီ)တို့၏သား၊ ဒေါ်မြသိန်း၏ခင်ပွန်း၊ (ဦးရှိန်-ဒေါ်ခင်နွေး)၊(ဦးမောင်ကို-ဒေါ်ခင်ကြည်)၊ (ဦးစိန်ဝင်း-ဒေါ်ရင်မေ)၊ (ဦးခင်မောင်မောင်)-ဒေါ်တင်တင်ဦးတို့၏ညီမောင်၊ (ဦးမြတ်ကျော်)-ဒေါ်ခင်တင့်၊(ဦးသန်းထွန်း)-ဒေါ်လှမြိုင်၊ ဦးလှမြင့်-(ဒေါ်မြင့်မြင့်သိန်း)တို့၏ညီအစ်ကို၊ ဦးသက်ဝင်း၊ ဗိုလ်မှူးမိုးဝင်း(တပ်မှူး)-ဒေါ်ဖြူဖြူလွင်တို့၏ ဖခင်သည် ၂၅-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဦးဘစိန်

မြောက်ဦးမြို့

(ချယ်ရီတည်းခိုခန်းပိုင်ရှင်၊မုံရွာမြို့)

အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးဘအောင်-ဒေါ်ဝင်းစိန်)တို့၏သား၊ မုံရွာမြို့နယ်၊ ကျွန်းကြီးရွာနေ (ဦးလှဖေ-ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်ဝေ(ထူးချွန်မွေးမြူရေးအစာဆိုင်၊ မုံရွာ)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးထွန်းစိန်ဖြူ-ဒေါ်သာညွှန့်ချေတို့၏မောင်၊ ဒေါ်ခင်ခင်စိုး၏အစ်ကို၊ ကိုထွန်းထွန်းဦး-မကြည်ကြည်ဝင်း၊ ကိုသန်းစိုး၊ မချောစုဝင်း၊ မမြမြမိုး၊ မောင်ကျော်စိုးဝင်းတို့၏ဖခင်၊ မောင်ဝေယံထွန်း၊ မမီးမီးတို့၏အဘိုး၊ မသန္တာဦး၊ မောင်တေဇာကျော်၊ မောင်စိုးမိုးကျော်တို့၏ဦးလေးသည် ၂၅-၁- ၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် မုံရွာမြို့ ဆားကျင်း သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ပဓာနနာယကဆရာတော်

သက်တော်(၈၀)၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့ (၂၁-၁-၂၀၀၄)ရက် ဗုဒ္ဓဟူးနေ့နံနက် ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (၇-၂-၂၀၀၄)ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သာဓုကီဠနအဂ္ဂိမအဂ္ဂိ ဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည် ဖြစ်ပါကြောင်းတပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ဦးကေတုမာလာနှင့် တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အရှင်ပညာဗလ

ကျီးတန်(ခ)မိုးကျော်သူ (လေးမျက်နှာ-ရန်ကင်း)

သက်တော်(၄၃)နှစ်၊ ဝါတော်(၄)ဝါ

ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်အမှတ် ၃/၃၀၁ နေ ဦးလှိုင်ဝင်း-ဒေါ်သန်းနုတို့၏သား၊ ကိုတိုးအောင်-မဥမ္မာလှိုင်တို့၏မောင်၊ [ကိုပြူး(ခ)ကိုကောင်းကြွယ်]၏ညီ၊ကိုမော်စီ(ခ)ကိုစိုးကျော်သူ၏အစ်ကိုဖြစ်သူ အရှင်ပညာဗလ ကျီးတန်(ခ)မိုးကျော်သူသည် ၂၃-၁-၂၀၀၄ ရက် နံနက် ၅း၄၅ နာရီတွင် Y.M.C အထူးကုဆေးခန်း၌ ပျံလွန်တော်မူသွားပါသဖြင့် ၎င်း၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လီငိုကြည်

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း၊ အိမ်အမှတ် ၂၃၄(မြေညီ/ယာ)နေ(ဦးမောင်တင်)၏ဇနီး၊ ဦးသောင်းထိုက်-ဒေါ်ခင်ကေသီမြင့်၊ ဒေါ်ဖောင်ရိတ်ချိန်- ဦးကြူးကြီးခွန်၊ ဦးဖောင်ဝိန်ဖတ်၊ ဒေါ်ဖောင် မွန်းကင်(ခ)မကျင်ကျင်-ဦးရှုမ်ရွှမ်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄-၁-၂၀၀၄ရက်နံနက်၆နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၆-၁-၂၀၀၄ ရက်နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးလှမောင်

(ဒု-ဌာနခွဲ၊ အင်/ယာ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

ရေနံချောင်း

အသက်(၇၃)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးရွှေကူ-ဒေါ်ထားရှင်)တို့၏သားကြီး၊ (ဦးချန်ထွန်း-ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက် ၇၊ အခန်း၅၊ မာဃလမ်း၊လှိုင်မြင့်မိုရ်အိမ်ရာနေ ဒေါ်ခင်ရွှေရွှေ (စက်မှု-၁၊ ငြိမ်း)၏ ခင်ပွန်း၊ (ဦးစန်-မွေး/ရေ) - ဒေါ်တင်တင်လှ၊ (ဦးတင်မြင့်-တိုင်းအင်/ယာ)-ဒေါ်ခင်ထွေးဝင့်၊ (ဦးတင်ထူး-ကကဌေ)တို့၏ အစ်ကိုကြီး၊ (ဦးစန်းလွင်ဦး)၊ ဒေါ်ဌေးဌေးမာ(သရုပ်ပြ၊ သတ္တဗေဒဌာန-ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်)၊ ဦးဝင်းမိုး (GM, Central Marketing Co.,Ltd.) တို့၏ဖခင်၊ တူ၊တူမ ငါးယောက်တို့၏ ဘကြီးသည် ၂၄-၁-၂၀၀၄ရက်(စနေနေ့) ၀၀း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရှင် (မုံရွာ)

အသက်(၇၀)

မုံရွာမြို့၊ အမှတ် ၂၅၊ဘူတာလမ်း၊ ရုံးကြီးရပ်နေ (ဦးရာစု-ဒေါ်ဇာမို)တို့၏ သမီးထွေး၊ (ဦးသာတင် လက်ထောက်အင်ဂျင်နီယာ၊ငြိမ်း၊ MEPE)၏ဇနီး၊ (ဦးသိန်းလှ-ဒေါ်ခင်မေ)၊ (ဦးသိန်းထွန်း)-ဒေါ်မြရင်တို့၏ညီမ၊ ဒေါ်ဆွေဆွေတင်(အထက-၁၊မုံရွာမြို့)၊ ဒေါ်ညွှန့်ညွှန့်တင်(အမှတ်-၁၊ ရေနံချက်စက်ရုံ၊ သန်လျင်) - ဗိုလ်ကြီးစောထွန်းအောင်၊ ဦးအောင်မျိုးမြင့် (မြန်မာမေဖလား၀ါးဘဏ်)တို့၏မိခင်သည် ၂၅-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၀၄ ရက်တွင် မုံရွာမြို့၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးချစ်စိန် (မြင်းကကုန်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၄၁၉၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီးနေ (ဦးမောင်မျှင်-ဒေါ်ဖွားသန့်)တို့၏သား၊ (ဦးဖိုးစိန်-ဒေါ်မေရှင်)တို့၏သမက်၊ ဒေါ်မြညွှန့်၏ ခင်ပွန်း၊ ကိုအေးသန်း-ဒေါ်အေးမြင့်၊ ကိုတင်ထွန်း-ဒေါ်ခင်အုန်းမြင့်၊ ကိုတင်ရွှေ-ဒေါ်မြင့်မြင့်စန်း၊ကိုအေးကို-မခင်ဝင်း၊ ကိုတင်ယု-မယဉ်ယဉ်ရွှေ၊ ကိုသိန်းဇော်-မသန်းသန်းနု၊ ကိုညွှန့်နိုင်-မစန်းစန်းယုတို့၏ဖခင်၊ မြေး ၂၄ ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၁-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါ၍ ၂၇-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဟန်ရီ (ထူးကြီး)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၂၅၆ နေ (ဦးကျော်သင်)၏ဇနီး၊ဦးမောင်မောင်-ဒေါ်သန်းဝင်း၊ (ဦးထူးအောင်-ဒေါ်မြင့်မြင့်သိန်း)တို့၏မိခင်၊ မောင်ကျော်သူရမောင်၊ မောင်ဝင်းသူရမောင်၊ မဇာဇာအောင်(Grand Pharmaceliticals Co.,Ltd.)၊ မောင်မင်းမင်းအောင်၊ မအိအိအောင်တို့၏အဘွားသည် ၂၅-၁-၂၀၀၄ ရက် ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၇-၁-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မနန်းဦးထိုက်

Final(Eco)

(အရှေ့ပိုင်းတက္ကသိုလ်)

အသက်(၂၄)နှစ်

(ဦးစိန်မောင်)-ဒေါ်ကျင်ရွှေ(ဦးခွေး-ဒေါ်အေးချမ်း)တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ် ၅၂ နေ ဦးညွှန့်ဝေ-ဒေါ်ဝင်းရီ(ခ) ဒေါ်ရီရီဝင်းတို့၏ သမီးငယ်၊ ကိုဝင်းမင်းထွန်း-မသီဂိလွင်၊ ဗိုလ်ကြီးဇေယျာထွန်းတို့၏ညီမ၊ မောင်မိုးဟိန်းကျော်၊မောင်ညီလင်းထက် တို့၏ အဒေါ်သည် ၂၄-၁-၂၀၀၄ရက် (စနေနေ့) နံနက်၀၀း၄၀နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇိနမာန်အောင်ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်ထီးတော်တင် နိုင်ငံတော်ဝန်ကြီးချုပ် မြိုင်ကြီးငူ-ဘားအံ သစ္စာလမ်းမကြီးနှင့်တံတား (၉၉) စင်းဖွင့်ပွဲအခမ်းအနားတက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၅

ကရင်ပြည်နယ် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော် ထီးတော်တင် မင်္ဂလာအခမ်းအနား၊ မြိုင်ကြီးငူ-ဘားအံ ၃၄ မိုင်သစ္စာလမ်းမကြီးနှင့် တံတား ၉၉ စင်း ဖွင့်ပွဲအခမ်းအနားနှင့် ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ်ဂန္ဓကုဋိတိုက်တော်၊ ဇိနမာန်အောင်ရုပ်ပွားတော်မြတ်ဂန္ဓကုဋိတိုက်ထီးတော်နှင့် လမ်းတံတားများ ရေစက်ချမင်္ဂလာအခမ်းအနားများကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။ **စာမျက်နှာ ၃ ကော်လံ ၁** ▼

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၂၄ ရက်က ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇိနမာန်အောင်ရုပ်ပွားတော်မြတ်ဂန္ဓကုဋိတိုက်တော်၊ ထီးတော်တင် မင်္ဂလာအခမ်းအနားတွင် ဂန္ဓကုဋိတိုက်တော်အထွတ်၌ ငှက်မြတ်နားတော်၊ စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

စက်မှုဇုန်များဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးရေး နိုင်ငံတော်ကအားပေးနေ အများပြည်သူသုံးဘတ်စ်ကားနှင့်ကုန်တင်ယာဉ်များအရည်အသွေးမီမီတည်ဆောက်

အတွင်းရေးမှူး (၁) မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများနှင့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတို့ကို ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် **စာမျက်နှာ ၁၁ ကော်လံ ၁** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲရှိ ပြခန်းများကို ကြည့်ရှုစစ်ဆေး အားပေးစဉ်။ (မြန်မာ့အလင်း)

"ပြည်သူလူထုတစ်ရပ်လုံးအတွက် လိုအပ်သည့် အခြေခံသတင်းအချက်အလက်နှင့် ဝန်ဆောင်မှု ပေးနိုင်ရေး **MWD** မှ **Software** များ ရေးသားထုတ်လုပ်နေပါတယ်"

ဦးသီဟသောင်း
(Assistant Marketing Manager
Myanmar World Distribution Co.,Ltd.)

ယနေ့ထုတ်
စာမျက်နှာ
၂၀ ၂၀၀၈

အိုင်တီနည်းပညာအပေါ်လေ့လာဆည်းပူးလိုစိတ်များ ထက်သန်စွာဖြစ်ပေါ်စေမည့် မြန်မာအိုင်စီတီပြပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုအရှိန် ပိုမိုမြင့်တင်နိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီမှုများ ပြုလုပ်နေမှုကြောင့် မြန်မာနိုင်ငံအတွင်း အိုင်တီနည်းပညာဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

"အိုင်တီနည်းပညာသုံးစွဲထားသည့် ကွန်ပျူတာဂိတကို ပြည်သူများ သိရှိအသုံးပြုနိုင်စေရန် ဖြစ်ပါတယ်။"

ဦးဇော်လင်း (မန်နေဂျင်းဒါရိုက်တာ)
(Youth Computer ပြခန်း)